# တေဇ ရုပ်စုံ

အတွဲ (၃၅)၊ အမှတ် (၁၁)၊ ၂၀၂၄ ခုနှစ်၊ မေလ



# မဝတီ

## စာပေတိုက်ထုတ်

## မဂ္ဂဇင်း၊ စာစောင်များ လပေးမှာယူဖတ်ရှုနိုင်ပြီ








မြဝတီစာပေတိုက်ထုတ် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များကို စာအုပ်လက်ခံရရှိမှ
ငွေပေးချေစနစ်ဖြင့် မှာယူနိုင်ပါသည်။
မြန်မာတစ်နိုင်ငံလုံးအနှံ့ မည်သည့်မြို့နယ်မဆို စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပါသည်။
မိမိတို့မှာယူလိုသည့်စာအုပ်များကို အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များအတိုင်း
ဆက်သွယ်မှာယူနိုင်ပါသည်။
ဖြန့်ချိရေး – မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)၊ ၀၉၄၂၁၀၆၇၄၁၀ (အွန်လိုင်းဖြန့်ချိရေး)။











## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and looting under the pretext of sayings "for the people".

2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.

3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

ကလေးငယ်များအတွက် ပညာလည်းပေး၊ ဗဟုသုတလည်းရ၊
ဟာသလည်းပါ၊ ဉာဏ်ရည်လည်းတိုးမဲ့ မိုးသောက်ပန်းဂျာနယ်ကို
ဂျာနယ်လက်ခံရရှိမှ ငွေပေးချေစနစ်ဖြင့် မှာယူဖတ်ရှုနိုင်ပါပြီ။




ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆(စာတည်း)၊
၀၉၄၂၁၀၆၇၄၁၀(အွန်လိုင်းဖြန့်ချိရေး)။



# မာတိကာ


| | | |
|---|---|---|
| နီဦးဇော် | ရဲရင့်မိုးများ | ၂ |
| ထွန်းထွန်းဝင်း(ရန်ကုန်တက္ကသိုလ်) | နတ်သမီးကျွန်း | ၃ |
| မောင်သက်ဟန် | တံတားရွာသို့ ခရီးတစ်ခေါက် | ၉ |
| ရေနံ့သာမောင်ကျော်ညွန့် | ဆင်ကန်းတောတိုး | ၁၃ |
| မောင်ဖျော်(ပေတစ်ပင်) | ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို လိုက်နာနိုင်ကြပါစေ | ၁၅ |
| တင်လင်းဇော် | မြန်မာဝေါဟာရကဗျာများ | ၁၈ |
| စိုပြေ | သမီးလှရတနာညီပြာ | ၁၉ |
| ဇော်မြင့်နီ | တေဇတို့ရွတ်ဆိုဖို့ သဘာဝပတ်ဝန်းကျင် ချစ်ဖွယ်ကဗျာများ(၁၃) | ၂၅ |
| TTL | တီတီလေးနဲ့ပုံဆွဲမယ် | ၂၈ |
| မဆုလဲ့ရတနာ | ကဆုန်လပြည့် ဗုဒ္ဓနေ့ | ၂၉ |
| မဖူးဖူး | သချာ်ညာဏ်ရည် | ၃၂ |
| ဒေါက်တာသန့်စင်(ရူပဗေဒ) | ဟိုက်ဒရိုဂျင် (Hydrogen) ကားအကြောင်း သိကောင်းစရာ | ၃၃ |
| သန့်သူရ | ကမ္ဘာ့စံချိန်အသစ်တစ်ခုတင်လိုက်ပြန်တဲ့ BTS ရဲ့ V | ၃၆ |
| မြရတီ(ဒဿနိက) | ပိတောက်စိမ်းပုံပြင် | ၃၇ |
| အောင်အောင်ထွေး | သူဌေးကြီးရဲ့ဇရပ် | ၄၁ |
| နောင်တေဇ | ဝက်ပါလမ်း | အချပ်ပို(၁) |
| မွေး | ရှာမယ်၊ ဖြည့်မယ် | အချပ်ပို(၂) |
| တေဇမျက်နှာဖုံး | ကိုကောင်း | |



တေဇချစ်စုံအသင်းဒီတာအဖွဲ့
မိုးကောင်းလမ်း၊
မြဝတီမိဒီယာစင်တာ(မြေညီထပ်)၊
ရန်ကင်းမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း ၀၉၄၀၃၂၅၈၄၅၁(စာတည်း)
၀၉၃၂၄၉၈၇၂၄(ဖြန့်ချိရေး)
Email-tayzabooklet99@gmail.com
ပုံနှိပ်သူမှတ်ပုံတင်အမှတ် - ၀၀၆၅၆
ထုတ်ဝေသူမှတ်ပုံတင်အမှတ်
၀၀၈၁၃





စာတည်းမှူးချုပ်
နေနိုင်သူ
ဒုတိယစာတည်းမှူးချုပ်
မြင့်နိုင်
စာတည်းမှူး
ဇော်သိန်းဝင်း
တာဝန်ခံစာတည်း
ပုလောစိုးနှံ့သာ
လက်ထောက်စာတည်း
မေမြင့်မိုးအောင်
စာစီနှင့်ဒီဇိုင်း
ကြူကြူ
တပြင်
အမရာမိုး၊ အိအိကျော်
design yin htwe


မလင်းခဏ လင်းခဏ
နေမင်းမှိန်မှိန် မျက်လှည့်ပြ။
မပြီးသလို ပြီးသလို
အနောက်တောင်က တိမ်မည်းညို။
မဆိုတေးသွား ဆိုတေးသွား
အုံးအင် အုံးအင် မိုးချစ်ဖား။
မနားတစ်ဖန် နားတစ်ဖန်
ပိန်ညင်းငှက်တို့ ကောင်းကင်ယံ။

မညံလည်းကြား ညံလည်းကြား
လျှပ်ရောင်ဝင်းလက် မိုးကြိုးများ။
မကြွားသယောင် ကြွားသယောင်
လယ်ပုစွန်လုံး လက်မထောင်။
မမှောင်ရဲရင့် မှောင်ရဲရင့်
လယ်စောင့်တဲလေး ပန်းသင့်။
လေနှင့်မိုးနှင့် ကြာပန်းနှင့်။ ။

နိုဦးဇော်






နတ်သမီးကျွန်း
……Angel's Island
Story: Maung Paw Lu
Illustration: Tun Tun Win (Yangon University)
Tr: BMK
တစ်ခါတုန်းကပင်လယ် ကမ်းစပ်ကရွာကလေး တစ်ရွာမှာမောင်သတ္တိဆို တဲ့လူငယ်လေးတစ်ယောက် ရှိတယ်...
Once upon a time, there was a young man called Maung Thatti in a small village, which was near the sea.
မောင်သတ္တိတို့ရွာကလေး နဲ့နည်းနည်းလှမ်းတဲ့ ပင်လယ်ထဲမှာနတ်သမီး ကျွန်းဆိုတဲ့ကျွန်းတစ် ကျွန်းရှိတယ်...
There was an island, Angel's Island, in the sea, which was a little far from Maung Thatti's village.


နတ်သမီးကျွန်းမှာနတ်သမီးတွေထားခဲ့တဲ့
ရတနာပစ္စည်းတွေရှိဆိုတဲ့ဒဏ္ဍာရီရှိတယ်...
There was a legend that there were precious stones of the angels.
ဒါပေမဲ့...နတ်သမီးကျွန်းအနားက
ပင်လယ်ပြင်ဟာလှိုင်းထန်လွန်း
လို့ဘယ်သူမှမသွားရဲကြဘူး...
But the sea near the angel island was turbulent,no one dared to go there.
မောင်သတ္တိက တွေးတောတယ်...
Maung Thatti thought like that.
ငါသာနတ်သမီးကျွန်းကို
သွားပြီးရတနာတွေရှာနိုင်ရင်
ချမ်းသာပြီ...
"I go to angel island and I can look for the treasure. So I will be wealthy."
မောင်သတ္တိကပင်လယ်ရေစီးကြောင်းတွေ...
နတ်သမီးကျွန်းဘက်ကိုဦးတည်မဲ့
အချိန်ကိုကမ်းစပ်ကနေစောင့်ကြည့်နေ
ခဲ့တယ်...
On the shore, Maung Thatti watched the directions of the currents going to angel island.


နွေဦးပေါက်မှာရေစီးသိပ်မကြမ်းပါဘူး...
"When the spring comes, the currents are not so turbulent."
မောင်သတ္တိဟာလှေတစ်စင်းကိုထွင်းပြီး နောက်စားနပ်ရိက္ခာတွေထည့်ထားတယ်...
Maung Thatti made a boat and prepared the food for the half a day.
ရာသီဥတုကောင်းတဲ့တစ်နေ့မှာ တော့မောင်သတ္တိဟာလှေတစ် စင်းနဲ့နတ်သမီးကျွန်းရှိရာကိုထွက် လာခဲ့တယ်...
On a fine day, Maung Thatti rowed his boat to angel island.
အစပိုင်းမှာတော့ရေစီးကသာသာပေမဲ့...
At the beginning, the current was not turbulent.
ကျွန်းနားရောက်ခါနီးမှာရေစီးက ဆိုးတယ်...
As he came near the island, the current was turbulent.


မောင်သတ္တိဟာကျောက်ဆောင်တွေကြားမှာ
လှေကလေးကိုဂရုစိုက်ပြီးလှော်ရတယ်...
Maung Thatti rowed his boat carefully among the rocks.
နောက်ဆုံးမှာတော့ကျောက်ဆောင်
တွေကြားကနေ သူက လှေလေး
ကိုလှော်ခတ်နိုင်ခဲ့တယ်...
Finally, he could row his boat among the rocks.
မောင်သတ္တိဟာကျွန်းပေါ်ကို
လှည့်လည်သွားတော့...
Maung Thatti went around the island.


ဟာ...ကျောက်ဂူကြီး တစ်ခုပါလား...
"Ha! there is a big cave!"
သူဟာကျောက်ဂူထဲဝင်ကြည့် တော့ရတနာတွေနဲ့အသေ လူအရိုးခေါင်းတွေကိုပါတွေ့ လိုက်ရတယ်...
When he entered the cave, he found the precious stones and the skull of the dead men.
ဟာ...ဒါပင်လယ်ဓားပြတွေ အလောင်းနဲ့သူတို့တိုက်ထား တဲ့ရတနာတွေပဲဖြစ်ရ မယ်...
"Ha! These may be the skeletons of the pirates and the precious stones they robbed."


မောင်သတ္တိဟာကျွန်းပေါ်ကရတနာတွေကို
လှေပေါ်တင်ပြီးကျွန်းကနေဘေးမသီ
ရန်မခဘဲပြန်ထွက်လာခဲ့တယ်...
Maung Thatti put the precious stones on his boat and left the island safely.
ရတနာတွေကိုဘုရင်မင်းမြတ်ဆီ
မှာအပ်နှံတော့...
The precious stones were given to the king.
မောင်မင်းဟာတော်တော်
ရိုးသားတဲ့သူငယ်ပဲ...
"You are an honest young man."
ဘုရင်မင်းမြတ်ကမောင်သတ္တိ
ကိုဆုတော်ငွေတွေပေးလိုက်လို့
ပျော်ရွှင်ဝမ်းမြောက်စွာပြန်လာခဲ့
တော့တယ်...။
As the king rewarded him with money,
Maung Thatti came back happily.
ပြီး

တေဇဝတ္ထုတို

# တံတားရွာသို့ ခရီးတစ်ခေါက်

မောင်သက်ဟန်

သကြိန်ပြီးကတည်းက ဇင်မာသည် ကျောင်းပြန်တက်ဖို့ မျှော်လင့်စောင့်စားနေသည်။ ဒီတစ်ခါကျောင်းဖွင့်လျှင် သူသည် အလယ်တန်းကျောင်းသူဘဝသို့ရောက်ပြီဖြစ်သည်။ ဒီနှစ်နွေရာသီတွင် ဖေဖေကအလုပ်ကိစ္စတွေမအားလပ်သဖြင့် သူ့ကို ခရီးထွက်ပြီးနေရာတစ်ခုသို့ လိုက်လံမပို့ဆောင်နိုင်ဘဲ ဖြစ်နေသည်။ ဇင်မာသည် ခရီးထွက်ချင်သော်လည်း ဖေဖေ့ကို ခရီးထွက်ဖို့တိုက်တွန်းရန် အားနာနေမိသည်။

ဒီနေ့ညနေ ထမင်းစားပွဲဝိုင်းတွင် ဖေဖေက–

"သမီးကို ပြောစရာတစ်ခုရှိတယ်၊ အမေကြီးကိုလဲ



အခုမှပြောရမယ်”ဟုဆိုသည်။ ဖေဖေ၏စကားကြောင့် မေမေရော ဇင်မာပါ အံ့သြသွားကြသည်။ သူတို့နှစ်ယောက်စလုံး ဖေဖေပြောလာမည့်စကားကို မျှော်လင့်စောင့်စားနေကြသည်။ ဖေဖေက ဆက်လက်၍–

“မကြာခင် ကျောင်းဖွင့်တော့မှာဆိုတော့ သမီးလဲ စိတ်ပြေလက်ပျောက်ဖြစ်သွားအောင် ခရီးထွက်ချင်မှာပဲလေ၊ အဲဒီတော့ ဖေဖေ ခရီးတစ်ခုထွက်ဖို့စီစဉ်ထားတယ်၊ ဟိုမှာ နှစ်ညအိပ် သုံးရက်ခရီးလောက်တော့ ကြာလိမ့်မယ်”

“ဘယ်သွားမှာလဲ ဖေဖေ”ဟု ဇင်မာက မေးလိုက်သည်။

“သမီး မရောက်တာကြာပြီဖြစ်တဲ့ ဖေဖေ့ဇာတိရွာပေါ့”

“သြော်...တံတားရွာကိုသွားမှာပေါ့”

တံတားရွာက ဖေဖေ၏ဇာတိရွာဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးထဲမှာပဲရှိသည်။ တံတားရွာသို့နှစ်နှစ်သမီးအရွယ်ကတော့ ဇင်မာတစ်ခေါက်ရောက်ဖူးသည်။ ထို့နောက် တစ်ခေါက်မှ မရောက်ဖြစ်တော့သဖြင့် တံတားရွာသို့မရောက်သည်မှာ နည်းနည်းကြာသွားပြီဖြစ်သည်။ နှစ်နှစ်သမီးအရွယ်တုန်းကတော့ ငယ်သေးသဖြင့် တံတားရွာနှင့် ပတ်သက်သည်များကို ဇင်မာကောင်းကောင်းမမှတ်မိပါ။

ထိုသို့ဖြင့် ခရီးထွက်မည့်နေ့သို့ရောက်သောအခါ ဇင်မာတို့မိသားစုသည် ကားစီစဉ်၍ တံတားရွာနှင့် အနီးဆုံးမြို့ကလေးသို့အရင်ရောက်အောင်သွားရသည်။ ထိုမှ တစ်ဆင့် တံတားရွာသို့ ဆိုင်ကယ်ကယ်ရီပြန်ပြီးတော့ စီးရသည်။ တံတားရွာတွင် ဇင်မာ၏အဘိုးအဘွားများဖြစ်ကြသည့် ဖေဖေ၏မိဘနှစ်ပါးစလုံးကတော့ ဆုံးပါးသွားပြီဖြစ်သည်။ ဖေဖေ၏အစ်ကိုအကြီးဆုံး ဘကြီးဦးကျော်အောင်၏အိမ်တွင် ဇင်မာတို့ တည်းခိုကြရ၏။ ဘကြီးဦးကျော်အောင်၏ဇနီးကတော့ ကြီးကြီးမမြင့်ရီဖြစ်သည်။ ဘကြီး၏ သားသမီးများကတော့ ကျော်စွာနှင့် သီသီတို့ဖြစ်ကြသည်။ ကျော်စွာက Grade-10 စာမေးပွဲဖြေဆိုထားပြီး သီသီကတော့ Grade-8 စာမေးပွဲဖြေဆိုထားသည်။ သူတို့နှစ်ယောက်စလုံး ဇင်မာ့ကိုတွေ့ရသဖြင့် ပျော်ရွှင်ဝမ်းသာနေကြသည်။

တံတားရွာဟုသာပြောသော်လည်း ရွာထဲတွင်ရှိသော ကွန်ကရစ်လမ်းမှာ ကားမောင်း၍ရသည်။ တံတားရွာရှိလူငယ်များမှာ တစ်နေရာနှင့်တစ်နေရာသွားရာတွင် လမ်းလျှောက်၍ မသွားကြပေ။ စက်ဘီး ဆိုင်ကယ်များနှင့်သာ အသွားများကြသည်။ ဘကြီးဦးကျော်အောင်က–

“ကျော်စွာရေ...မင်းညီမလေးကို ဆိုင်ကယ်နဲ့ ရွာထဲ လိုက်ပြလိုက်စမ်းပါ”

“ဟုတ်ကဲ့...ဖေဖေ”

ထို့နောက် ကျော်စွာသည် ဇင်မာ့ကို ဆိုင်ကယ်ပေါ်တင်၍ ရွာထဲသို့ထွက်လာခဲ့သည်။



"အစ်ကိုကြီးကျော်စွာ ဖြည်းဖြည်းပဲ မောင်းနော်၊ ညီမလေး ကြောက်လို့"

"အေးပါ ညီမလေးရယ်"

ကျော်စွာသည် ဇင်မာ့ကို ရွာအနီး လိုက်ပြရင်း တံတားရွာထိပ်သို့ရောက်လာခဲ့သည်။ ကျော်စွာက–

"ညီမလေးကို ရွာဦးစေတီ လိုက်ပို့ရအုံးမယ်"

ရွာဦးစေတီသို့ရောက်သောအခါ ကျော်စွာက ဆိုင်ကယ်ကိုရပ်လိုက်သည်။

"ညီမလေး...ဆိုင်ကယ်ပေါ်က ဖြည်းဖြည်းဆင်းတော့"

ဇင်မာသည် ရွာဦးစေတီကို ဦးချဝပ်တွားလိုက်သည်။ ရွာဦးစေတီသည် ထုံးဖြူစေတီတစ်ဆူဖြစ်သည်။ စေတီ၏ဆည်းလည်းသံလေးများကိုလည်း ကြားနေရသည်။ စေတီပရဝဏ်အတွင်းတွင် အရိပ်အာဝါသကောင်းမွန်သော သစ်ပင်ကြီးများရှိသဖြင့် နေမပူဘဲ အေးမြလှသည်။ ထိုစဉ် စေတီဆီသို့ ဦးတည်၍လာကြသော လူတစ်စုကို ဇင်မာတွေ့လိုက်ရသည်။ သူတို့၏ လက်ထဲတွင် တံမြက်စည်းများနှင့် ပလတ်စတစ်အိတ်ကြီးများကို ကိုင်ဆောင်လာကြသည်။

"အစ်ကိုကြီး...သူတို့တွေ ဘာလာလုပ်ကြတာလဲ"ဟု ဇင်မာက မေးလိုက်သည်။

"သူတို့တွေက ဗောဓိညောင်ပင်ကိုလာပြီးတော့ သန့်ရှင်းရေးလုပ်ဖို့လေ"ဟု ကျော်စွာက ပြန်ပြောပြသည်။

ဇင်မာ ရုတ်တရက်သဘောမပေါက်သဖြင့် ကျော်စွာကရှင်းပြသည်။

"မနက်ဖြန်ခါဆို ကဆုန်လပြည့်နေ့လေ၊ အဲဒါ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းပွဲလုပ်ဖို့ ဗောဓိညောင်ပင်ဆီအရင်လာပြီး အပင်အောက်ခြေကို သန့်ရှင်းရေးလုပ်ကြတာ"

ထို့နောက် ဇင်မာသည် သူတို့အုပ်စုနှင့်အတူရော၍ ဗောဓိညောင်ပင်ခြေရှိ သစ်ရွက်ကြွေများ အမှိုက်များကို ကူညီ၍ကောက်ပေးသည်။ အဒေါ်ကြီးတွေကလည်း လိမ္မာသော ဇင်မာကို မြင်မြင်ချင်းခင်မင်သွားကြသည်။ အဒေါ်ကြီးတစ်ယောက်က "ကုသိုလ်ရတာပေါ့ သမီးလေးရယ်"ဟုပြောသဖြင့် ဇင်မာ ပျော်ရွှင်သွားသည်။ ညောင်ပင်အောက်ခြေကို သန့်ရှင်းရေးလုပ်ပြီးသောအခါ ဇင်မာ အိမ်သို့ပြန်လာခဲ့သည်။ ဘကြီးအိမ်သို့ ပြန်ရောက်သောအခါ ဇင်မာသည် သူ ကုသိုလ်ယူခဲ့သည့် အကြောင်းကို ဖေဖေနှင့်မေမေကို ပြန်ပြောပြသည်။ နှစ်ယောက်စလုံးက ဇင်မာ့ကို ချီးကျူးကြသည်။

သီသီက "မနက်ဖြန်ခါ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းရင် ညီမလေးလဲ လိုက်ခဲ့လေ"

"လိုက်ခဲ့မှာပေါ့ မမရယ်၊ ဒါပေမဲ့ ညောင်ရေလောင်းရင် ဘာဝတ်စုံ ဝတ်ရမှာလဲ"

"မြန်မာဆန်ဆန်ဝတ်ရင်တော့ ပိုကောင်းတာပေါ့ ညီမလေးရယ်၊ မမတို့ကတော့ ယောဂီဝတ်စုံနဲ့သွားကြမှာ"

မေမေက "သမီးရဲ့ယောဂီဝတ်စုံ မေမေယူလာပေးထားတယ်"ဟုပြောသဖြင့် ဇင်မာပျော်သွားသည်။

မနက်ဖြန်ခါညနေပိုင်းသို့ရောက်သောအခါ ဇင်မာသည် ယောဂီဝတ်စုံဝတ်၍ ညောင်ရေသွန်းလောင်းရန် အဆင်သင့်ဖြစ်နေပြီ။ ရွာထဲရှိ မိန်းကလေးများကလည်း ညောင်ရေအိုးတွေ ကိုယ်စီရွက်ကာ ရွာဦးစေတီဆီသို့ ဦးတည်သွားကြသည်။ ဇင်မာလည်း သူတို့နှင့်အတူ လိုက်ပါသွားပြီး ရွာဦးစေတီပရဝဏ်ထဲရှိ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းလိုက်သည်။ သူ့စိတ်ထဲမှာလည်း ကုသိုလ်တရားတွေ ပွားများဖြစ်တော့သည်။ ဗောဓိညောင်ပင်ကို ရေစင်လာရောက်သွန်းလောင်းကြသော တံတားရွာသူမိန်းကလေးများ၊ အန်တီကြီးများနှင့် ဘွားဘွားကြီးများကိုပါ ဇင်မာ တွေ့လိုက်ရသည်။

ညသို့ရောက်သောအခါ အိမ်ရှေ့ရှိ သစ်သားကွပ်ပျစ်ပေါ်တွင် ထိုင်နေရင်း မိုးကောင်းကင်ရှိ ဝိုင်းစက်လှသော လမင်းကြီးကိုတွေ့ရသည်။ 'ကဆုန်လပြည့်ဗုဒ္ဓနေ့'ဟူသောစကားကို ဇင်မာ သတိရလိုက်မိသည်။ ဖေဖေက–

"သမီးကို တံတားရွာကို အလည်ခေါ်လာတဲ့ ရည်ရွယ်ချက်က အမျိုးဘာသာသာသနာကို မမေ့

မလျော့အောင်၊ ညောင်ရေသွန်းပွဲတော်ကိုလဲ ကြဲဖြိုးရလေအောင် ရည်ရွယ်ချက်တွေပါတယ် သမီး”

ဇင်မာက သူသိလိုသည်များကို ဖေဖေ့အားမေးမြန်းလိုက်သည်။

“ဘာဖြစ်လို့ ဗောဓိညောင်ပင်ကို ညောင်ရေသွန်းလောင်းရတာလဲ ဖေဖေ”

“ဖေဖေတို့ရဲ့ဂေါတမမြတ်စွာဘုရားရှင်က သဗ္ဗညုတဉာဏ်တော်ကိုရရှိဖို့အတွက် ဗောဓိပင်ကိုအမှီပြုပြီး တရားအားထုတ်ခဲ့တယ် သမီး၊ ဘာဖြစ်လို့ ဗောဓိညောင်ပင်ကို ရေသွန်းလောင်းရသလဲဆိုတော့ ကဆုန်လက ရေရှားပြီး ရေပြတ်လပ်တဲ့လဖြစ်နေတော့ ဗောဓိညောင်ပင် ရေရရှိပြီး အသက်ဆက်လို့ရအောင် လောင်းပေးတဲ့သဘောလို့ ဖေဖေ သိထားတယ်၊ အဲဒီအလေ့အထက အခုထက်ထိရှင်သန်နေပြီး ဗုဒ္ဓဘာသာဝင်တွေရဲ့ ဘာသာရေးနဲ့ ပတ်သက်တဲ့ ပွဲတော်တစ်ခုဖြစ်သွားတာပဲသမီး”ဟု ဖေဖေက ရှင်းပြသည်။

ထိုအခါကျတော့မှ ဇင်မာသည် ဗောဓိညောင်ပင်ကို ရေသွန်းလောင်းခြင်း၏ အကြောင်းအရင်းကို သိရှိသွားလေသည်။

ဖေဖေက ဆက်လက်၍–

“ဗုဒ္ဓဘာသာဝင်တွေက မြတ်စွာဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်ရာကနေပြီးတော့ ဘုရားပွင့်တော်မူရာ အထိမ်းအမှတ်ဖြစ်တဲ့ ဗောဓိညောင်ပင်အစွန့်ရှည်ဖို့အတွက် ရေသွန်းလောင်းတာကိုလုပ်ကြတာ”

ဇင်မာက “ညောင်ရေသွန်းပွဲတော်ကို ကြားပဲကြားဖူးတာ သေသေချာချာမသိဘူး၊ အခု ဖေဖေ ရှင်းပြမှပဲ သမီးသိသွားတယ်၊ ဖေဖေ့ကို ကျေးဇူးတင်ပါတယ်”

ဖေဖေရှင်းပြနေသည်ကို အနီးရှိ ဘကြီးဦးကျော်အောင်ကလည်း ကြားသွားသည်။

“ဇင်မာ နောက်နှစ်လဲ ဘကြီးတို့ တံတားရွာကိုလာပြီး ဗောဓိညောင်ပင်ကို ရေသွန်းလောင်းဖို့ လာခဲ့လေ”

“ဖေဖေ လိုက်ပို့မယ်ဆိုရင်တော့ သမီးလာခဲ့ပါ့မယ်ဘကြီး”ဟု ဇင်မာက ရိုသေစွာပြန်လည်ပြောလိုက်သည်။

မိုးကောင်းကင်ရှိ ကဆုန်လပြည့်ညလမင်းကြီး၏ အေးမြသောအလင်းရောင်ကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းသလို ဇင်မာခံစားလိုက်ရသည်။ ။

**မောင်သက်ဟန်**

စာမျက်နှာ (၃၂) မှအဖြေ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 4 | 6 | 2 | 5 | 9 | 1 | 3 | 8 | 7 |
| 1 | 3 | 9 | 6 | 8 | 7 | 4 | 2 | 5 |
| 7 | 5 | 8 | 3 | 4 | 2 | 1 | 9 | 6 |
| 6 | 9 | 1 | 7 | 3 | 8 | 2 | 5 | 4 |
| 5 | 2 | 3 | 9 | 6 | 4 | 7 | 1 | 8 |
| 8 | 7 | 4 | 2 | 1 | 5 | 9 | 6 | 3 |
| 9 | 8 | 7 | 4 | 2 | 6 | 5 | 3 | 1 |
| 3 | 1 | 5 | 8 | 7 | 9 | 6 | 4 | 2 |
| 2 | 4 | 6 | 1 | 5 | 3 | 8 | 7 | 9 |

မြန်မာမှုဥပစာစကားများ

# ဆင်ကန်းတောတိုး



ရေနံ့သာမောင်ကျော်ညွန့်

သတ္တဝါတိုင်း ကြီးထွားရှင်သန်နေဖို့အတွက် အရေးအကြီးဆုံးက အစာပါပဲ။ အစာစားမှအာဟာရဖြစ်တယ်။ အာဟာရဖြစ်မှကြီးထွားရှင်သန်တယ်။ ကြီးထွားရှင်သန်နိုင်ဖို့အတွက် သတ္တဝါတိုင်းအစာစားကြရတယ်။ ဒါပေမဲ့ အချို့အစာက အာဟာရမဖြစ်ဘူး။ အာဟာရမဖြစ်တဲ့အပြင် ဘေးဥပဒ်ဖြစ်စေတယ်။ ဒါကြောင့် မြင်တဲ့တွေ့တဲ့အစာကို အငမ်းမရမစားရဘူး။ မြင်တဲ့အစာက အာဟာရဖြစ်စေမလား၊ ဘေးဥပဒ်ဖြစ်စေမလားဆိုတာကို အစာမစားခင်မှာ စဉ်းစားဆင်ခြင်ရတယ်။ ဒါမှ ဘေးဥပဒ်ကင်းမယ်။

ရေထဲမှာပျော်မြူးကူးခပ်နေတဲ့ ငါးကလေးတွေက အစာမြင်တာနဲ့ အတင်းပြေးပြီးစားကြတော့တာပါပဲ။ အချို့အစာတွေက ငါးမျှားချိတ်မှာတပ်ထားတာ။ ငါးမျှားချိတ်မှာတပ်ထားတဲ့အစာကိုမြင်ပြီး ဇွတ်အတင်း အငမ်းမရဟပ်မိလိုက်လို့ကတော့ ဘေးဒုက္ခနဲ့ကြုံတွေ့ရမှာမလွဲဘူး။ အဲဒီလို ဘေးဒုက္ခနဲ့ကြုံတွေ့ရတာကတော့ အစာကိုသာမြင်ပြီး အစာတပ်ထားတဲ့ငါးမျှားချိတ်ကို မမြင်လို့ပါပဲ။

လူတချို့ကလဲ အစာကိုသာမြင်ပြီး အစာတပ်ထားတဲ့ငါးမျှားချိတ်ကိုမမြင်တဲ့ငါးတွေလိုပဲ လောဘတအားကြီးတယ်။ ယနေ့ကာလမှာ လောဘဇောတိုက်လို့ ဒုက္ခရောက်ရတဲ့အဖြစ်ဆိုးတွေကို မကြာခဏကြားနေရတယ်။

"အဖေတူတော့ မြွေပွေးပိုးထိသွားပြီ၊ ငွေသိန်းလေးဆယ်လောက်လူလိမ်ခံလိုက်ရလို့တဲ့"

ရွာထဲကကုန်စုံဆိုင်မှာ ဈေးသွားဝယ်တဲ့ သမီးဖြစ်သူက ပြန်ရောက်ရောက်ချင်းပြောပြနေတယ်။

"ဟော...အလိမ်ခံရတဲ့ငွေက မနည်းမနောပါလားဟ၊ ဘယ်လိုဖြစ်ရတာလဲ"

"မြို့ပေါ်သွားရင်း နိုင်ငံခြားသွားဖို့ ပို့ပေးနေတယ်ဆိုတဲ့သူနဲ့တွေ့ပြီး မိတ်ဆွေဖြစ်လာခဲ့သတဲ့၊ လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်

အတူသောက်ရင်း မိတ်ဆွေဖြစ်ခဲ့တာလို့ပြောတာပဲ၊ အဖေ့တူကလဲ သူ့သားကိုနိုင်ငံခြားသွားပြီးအလုပ်လုပ်စေချင်နေတာလေ၊ ဟိုမြို့ကြီးသားကလဲစင်ကာပူ၊ ကိုရီးယား၊ ဂျပန်ဘယ်နိုင်ငံသွားချင်သလဲ၊ သွားချင်တဲ့နိုင်ငံကို သူပို့ပေးလို့ရတယ်၊ အဲဒီနိုင်ငံတွေမှာ အလုပ်လုပ်ရင် တစ်လသိန်းသုံးလေးဆယ်လောက်ရမယ်၊ ပို့ပေးဖို့အတွက် လောလောဆယ်ဝန်ဆောင်ခ သိန်းလေးဆယ်ကုန်မယ်၊ ရှေ့မှာတန်းစီထားတဲ့သူတွေရှိနေလို့ ခြောက်လလောက်တော့ စောင့်ရအုံးမယ်၊ အခုရင်းတဲ့ဝန်ဆောင်ခ သိန်းလေးဆယ်လောက်ကလဲ ဟိုမှာတစ်လစာလုပ်ခလောက်ပဲရှိတယ်လို့ မစားရဝခမန်းပြောပြသတဲ့၊ အဲဒီမြို့ကြီးသားပြောတာကို နားယောင်ပြီး အဖေ့တူက သိန်းလေးဆယ်ပေးထားတာ ခြောက်လခုနစ်လလောက်ရှိနေပြီတဲ့၊ ခြောက်လကျော်ခုနစ်လရောက်တဲ့အထိ အကြောင်းမထူးတာနဲ့ ဖုန်းဆက်တော့လဲ ဆက်မရတော့ဘူး၊ ဖုန်းပိတ်ထားတယ်တဲ့၊ မြို့ပေါ်မှာဆုံနေကျလက်ဖက်ရည်ဆိုင်မှာလဲ မတွေ့ရတော့ဘူးတဲ့"

သမီးဖြစ်သူက ကြားလာတဲ့သတင်းစကားတွေကို ခရေစေ့တွင်းကျပြောပြနေတယ်။

"အဲဒီလူက နေရာအတည်တကျမရှိဘူး၊ အိုးမရှိအိမ်မရှိနဲ့ ခြေသလုံးအိမ်တိုင်လူစား၊ နယ်တကာလှည့်ပြီး အယုံလွယ်တဲ့သူတွေကိုလိမ်နေတဲ့သူပဲ၊ လောဘကြီးတဲ့သူက အလိမ်ခံရတာပဲ၊ ငွေမက်တဲ့သူကိုငွေဇန်းပြပြီး ငွေနဲ့မျှားတယ်၊ သူ့လက်ထဲငွေရပြီဆိုတာနဲ့ ကြာကြာမနေဘူး၊ ငွေထုပ်ပိုက်ပြီးလစ်တော့တာပဲ၊ ငါ့တူက အင်မတန်ငွေမက်တယ်၊ မရောင့်ရဲမတင်းတိမ်နိုင်ဘူး၊ တအားလောဘကြီးတယ်၊ လောဘကြောင့် အခုလိုဖြစ်ရတာ၊ လောဘအားကြီးတဲ့သူက အကြောင်းနဲ့အကျိုး အကောင်းနဲ့အဆိုးကိုမမြင်နိုင်တော့ဘူး၊ ဆင်ကန်းတောတိုးလုပ်တော့တာပဲ"

သမီးနဲ့စကားပြောနေတုန်း မြေးဖြစ်သူရောက်လာပြီး ဘေးနားကနေ နားထောင်နေတယ်။ နားထောင်နေတဲ့မြေးဖြစ်သူက "ဆင်ကန်းတောတိုးဆိုတာ ဘာလဲဘဘ" လို့ မေးပါလေရော။

"မျက်စိနှစ်ဖက်စလုံးကန်းနေတဲ့ဆင်က ဘာမှမမြင်ရဘူး၊ ဘာမှမမြင်ရတဲ့ဆင်က တောကြီးမျက်မည်းထဲတိုးဝင်နေတယ်၊ တောကြီးမျက်မည်းထဲမှာက ဘေးအန္တရာယ်တွေအမျိုးမျိုးရှိတယ်၊ တောကြီးမျက်မည်းထဲမှာရှိနေတဲ့ ဘေးအန္တရာယ်တွေကိုမမြင်ဘဲ တိုးဝင်နေတော့ ဘေးဒုက္ခနဲ့တွေ့ရတာပေါ့၊ ဘဘရဲ့တူကလဲ လောဘအမှောင်ဖုံးနေတော့ ဘာမှမမြင်ရဘူး၊ လောဘတောထဲတိုးဝင်နေတယ်၊ ဆင်ကန်းကြီးတောထဲတိုးသလို လောဘတောထဲတိုးဝင်နေတော့ လူလိမ်ခံလိုက်ရတာပဲ၊ အခုတော့ ခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး ဒုက္ခရောက်နေပြီ၊ ဒါကြောင့် ဘဘတူကို ဆင်ကန်းတောတိုးလို့ပြောလိုက်တာပေါ့၊ ဆင်ကန်းတောတိုးဆိုတာက ဥပစာစကားပါပဲ"

"ဆင်ကန်းတောတိုးဆိုတဲ့ ဥပစာစကားရဲ့အဓိပ္ပာယ်ကို ပြောပြပါအုံးဘဘ"

"မစဉ်းစား မဆင်ခြင်ဘဲ လုပ်တာကို ဆင်ကန်းတောတိုးလို့ ပြောတာပေါ့၊ အကြောင်းကိစ္စတစ်ခုခုကိုလုပ်ဆောင်တော့မယ်ဆိုရင် မလုပ်ဆောင်ခင်မှာ စဉ်းစားဆင်ခြင်ရတယ်၊ အရာရာမှာအကျိုးနဲ့အပြစ် အကောင်းနဲ့အဆိုးက ဒွန်တွဲနေတယ်၊ ကိုယ်လုပ်ဆောင်လိုက်လို့ ဘာတွေဖြစ်ပေါ်လာနိုင်သလဲဆိုတာကို စဉ်းစားရတယ်၊ ဆင်ခြင်ရတယ်၊ ကောင်းကျိုးဖြစ်လာနိုင်တာဆိုလုပ်ရမယ်၊ ကောင်းကျိုးမဖြစ်ဘဲ အဆိုးအပြစ်တွေဖြစ်လာနိုင်တာကို မလုပ်ရဘူး၊ ရှောင်ရှားရမယ်၊ မစဉ်းစားမဆင်ခြင်ဘဲ ဆင်ကန်းတောတိုးလုပ်ရင်တော့ အကျိုးထက် အပြစ်ပဲဖြစ်လာမယ်၊ အကောင်းထက် အဆိုးပဲဖြစ်လာမယ်၊ ဒါကြောင့် မစဉ်းစားမဆင်ခြင်ဘဲ ဆင်ကန်းတောတိုး မလုပ်ရဘူး"လို့ ရှင်းပြလိုက်တယ်။

ဒီတော့ မြေးဖြစ်သူက "ဟုတ်ကဲ့ပါဘဘ၊ သားသားမှတ်ထားပါ့မယ်၊ ဘယ်အရာမဆို စဉ်းစားဆင်ခြင်ပြီး လုပ်ဆောင်ပါ့မယ်၊ ဆင်ကန်းတောတိုးမဖြစ်စေရပါဘူးဘဘ"လို့ ကတိပေးနေပါရော။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

:: တောဇလူငယ်နှင့် ယာဉ်အန္တရာယ် ::

# ယာဉ်စည်းကမ်း လမ်းစည်းကမ်းကို လိုက်နာနိုင်ကြပါစေ

မောင်ဖျော်(ပေတစ်ပင်)



ချစ်သောတူ၊ တူမလေးတို့ရေ... ဦးဌေးတို့မိသားစုနဲ့ မကြာခင်ကမှသိတဲ့ ကယားလူမျိုးမိသားစုတစ်စုရှိတယ်ကွဲ့။ သူတို့သားကို ဦးဌေးဆီမှာ မြန်မာစာ၊ မြန်မာစကား နားလည်တတ်ကျွမ်းအောင် လာထားရင်းနဲ့ ခင်သွားကြသူတွေပဲ ပြောပါတော့ကွယ်။ သူတို့က မြို့စွန်ရပ်ကွက်တစ်ခုမှာနေကြတယ်။ ဦးဌေးတို့ဇနီးမောင်နှံနှစ်ယောက် သူတို့အိမ်ကို နှစ်ခါ၊ သုံးခါလောက်တော့ရောက်ဖူးတယ်။ အို...ဦးဌေးတို့ရောက်တာနဲ့ ဘယ်အချိန်ဖြစ်ဖြစ် စားစရာတွေရှာကြံပြီးချကျွေးတတ်တယ်။ သူတို့မှာရှိတဲ့အသီးအနှံတွေ

ကိုလဲ ဦးဒွေးတို့ကိုလက်ဆောင် အဖြစ်ပေးတယ်။ အိမ်ထောင်ဦးစီး ဖြစ်တဲ့ ဦးထူးရယ်ကလွဲပြီး ဗမာ စကားသိပ်မလည်ဝယ်ကြတဲ့ အဲဒီ မိသားစုဟာ ရိုးသားပြီး အလွန် ဖော်ရွေကြတယ်ကွဲ့။ ဦးဒွေးတို့ကလဲ သူတို့အိမ်သွားရင် လက်ဆောင် တစ်ခုခု ဝယ်သွားလေ့ရှိတယ်။ ပြောရရင် သူတို့နဲ့ဦးဒွေးတို့က လူမျိုးမတူသလို ဘာသာလဲမတူကြ ပါဘူး။ ဒါပေမဲ့ ခင်ကြတာကတော့ ဆွေမျိုးအရင်းတွေအတိုင်းပါပဲ။ ဗုဒ္ဓ ဘာသာအရပြောရရင် သူတို့နဲ့ ဦးဒွေးတို့ဟာ ပဋ္ဌာန်းဆက်ရှိခဲ့ကြ ပုံပဲ။ ထားပါကွယ်။ ဦးဒွေးပြောချင် တာက သူတို့မိသားစုအကြောင်း မဟုတ်ပါဘူး။

တစ်နေ့ အဲဒီဦးထူးရယ်က ဦးဒွေးတို့အိမ်ကိုလာတယ်။ သူ့ခြံ ထွက်အသီးအနှံတွေကို လက်ဆောင် လာပေးတာပါ။ အဲဒီကအပြန် နောက်တစ်နေ့မှာပဲ သူ့ခများ မြို့ဝင် ဂိတ်ပေါက်မှာ ကားတိုက်ခံလိုက်ရ တယ်။ ဖြစ်ပုံက သူ ဆိုင်ကယ်စီး ပြီးအလာမှာ တစ်ဖက်ကလာတဲ့ ကားကလမ်းလွဲပြီး သူ့ဆိုင်ကယ် ကို ဝင်တိုက်မိတာတဲ့။ ဦးဒွေးတို့ သတင်းကြားလို့ ဆေးရုံလိုက်သွား တော့ ဟိုနေ့က ပြုံးပြုံးရွှင်ရွှင်နဲ့ ဦးဒွေးတို့ကို စကားတွေပြောခဲ့တဲ့ ဦးထူးရယ်ခများ သတိမေ့နေရှာပြီ။ လူတစ်ကိုယ်လုံး ဒဏ်ရာတွေပြည့် နေတဲ့ သူ့မှာ အသက်ကိုတောင် မနည်းကြိုးစားပြီးရှူနေရရှာတယ်။ မြင်ရတာ စိတ်မချမ်းသာလိုက်တာ လေ။ သူ့အနေအထားကိုကြည့်ပြီး ဦးဒွေးက အခြေအနေမကောင်းဘူး ဆိုတာ ရိပ်မိလိုက်တယ်။ တကယ် ပါပဲ။ ခဏအကြာမှာ ဦးထူးရယ်ခများ ဆုံးသွားရှာပါရောကွယ်။

ဦးထူးရယ်ဟာ သူ့သားကို အကြောင်းပြုပြီး ဦးဒွေးတို့အိမ် ကို မကြာခဏလာလည်ခဲ့ဖူးတယ်။ သူဆိုင်ကယ်စီးတဲ့အခါ ဘယ်တော့ မှ ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘူး။ လျှာထိုးဦးထုပ်ကလေးပဲ အမြဲ ဆောင်းလေ့ရှိတယ်။ ဦးဒွေးတို့ ဇနီး မောင်နှံက 'ဦးထူးရယ်...ဆိုင်ကယ် စီးရင်ဆိုင်ကယ်စီးဦးထုပ်ဆောင်း လေ'ဆိုတဲ့စကားကို အမြဲလိုလိုပြော ရတယ်။ ဦးထူးရယ်က တစ်ခါမှ မလိုက်နာဘူး။ 'ကျွန်တော်မဆောင်း တတ်ဘူးဆရာ'လို့ပဲ ရယ်ကျဲကျဲနဲ့ ပြောတတ်တယ်။ အဲဒီနေ့ကလဲ ကားနဲ့တိုက်မိပြီး ဦးထူးရယ်က နံဘေးမှာရှိတဲ့ အုတ်ခုံပေါ်ပစ်လဲကျ တာတဲ့။ နောက်မှ ပြန်ကြားရတာ။ မင်းတို့တွေ စဉ်းစားကြည့်ကြလေ။ အကာအကွယ်မဲ့နေတဲ့ ဦးထူးရယ်ရဲ့ ခေါင်းဟာ ဘယ်လောက်ထိခိုက် သွားမလဲဆိုတာ။ ဦးဒွေး (က ည န) မှာ ဆိုင်ကယ်မောင်းလိုင်စင်သွား လုပ်တော့ အဲဒီကဆရာတစ်ယောက် ပြောတဲ့ 'ဆရာ၊ ဆရာမတို့ ဆိုင်ကယ် ဘယ်လိုပဲလဲလဲ ဦးခေါင်းနဲ့မြေကြီး အမြဲပဲထိမိပါတယ်။ ဒါကြောင့် ဆိုင်ကယ်စီးရင် ဆိုင်ကယ်စီးဦးထုပ် ဆောင်းဖို့မမေ့ပါနဲ့'ဆိုတဲ့ စကားကို အမြဲသတိရမိတယ်။ ဦးဒွေး ကတော့ ဆိုင်ကယ်စီးရင် သွားမဲ့ခရီး နီးနီး ဝေးဝေး ဆိုင်ကယ်စီးဦးထုပ်ကို အမြဲဆောင်းလေ့ရှိတယ်။ ဟုတ် တယ်လေ။ ဒီလောက် ကားတွေ၊ ဆိုင်ကယ်တွေ ရှုပ်ယှက်ခတ်နေတဲ့ လမ်းပေါ်မှာ 'ကိုယ်မှန်ရင် ပြီးတာ ပဲ' သွားလုပ်လို့မရဘူးဗျ။ ကိုယ် က လမ်းကြောင်းမှန်စီးနေပေမဲ့လဲ တစ်ဖက်ကမှားပြီးဝင်တိုက်ရင် ကိုယ်လဲပဲခံရမှာလေ။



ဦးငွေးလဲ ဆိုင်ကယ်မတော် တဆ နှစ်ခါလောက်ဖြစ်ခဲ့ဖူးတယ်။ အရည်အသွေးမီတဲ့ဆိုင်ကယ်စီး ဦးထုပ်ကြောင့် ပွန်းရုံပဲ့ရုံအပြင် ဘာမှ မဖြစ်ခဲ့ဘူး။ အထက်ကပြောခဲ့သလို ကိုယ်မှန်ပေမဲ့ သူကလာတိုက်တော့ ဦးငွေးလဲ ခံရတာပဲ။ ပစ်လဲပြီး ခေါင်းနဲ့ကျပေမဲ့ ဆိုင်ကယ်စီးဦးထုပ် ရှိနေလို့သာ ခံသာသွားတယ်လေ။ ဒါကြောင့် သားနဲ့ဇနီးကိုလဲ အပြင် ထွက်ရင် ဆိုင်ကယ်စီးဦးထုပ်ဆောင်း ဖို့ အမြဲသတိပေးခဲ့တယ်။ မနှစ်က ကိုးတန်းကျောင်းသားတစ်ယောက် ဖြစ်ပြီးပြီလေ။ အိမ်ကအထွက်မှာ ဆိုင်ကယ်လဲတာ။ ဆိုင်ကယ်စီး ဦးထုပ်မပါဘူး။ ဘာမှမဖြစ်ဘူးဆိုပြီး ကျောင်းဆက်သွားတယ်။ ကျောင်း ရောက်ပြီးမကြာဘူး၊ မူးတယ်မူးတယ် ဖြစ်လာရော။ ဆရာမတွေက ဆေးရုံ တင်ပေးတာပေါ့။ မရတော့ဘူး။ ဦးနှောက်ထဲ သွေးယိုစီးတဲ့ဒဏ်ရာနဲ့ ဆုံးသွားပါလေရောကွယ်။ ရင်နာ စရာမကောင်းဘူးလားကွယ်။ ဆိုင်ကယ်လိုင်စင်ကို အသက် ၁၈ နှစ်ပြည့်မှထုတ်ပေးပေမဲ့ မင်းတို့လို လူငယ်လေးတွေကတော့ လိုင်စင် မရှိလဲ ဆိုင်ကယ်ကိုစီးနေကြတာ ပါပဲကွယ်။ တချို့မိဘတွေက ကိုယ့် သား အဲဒီလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဆိုင်ကယ်စီးတတ်တာကို ဂုဏ်ယူ ကြသေးတာဗျ။ မခက်ပေဘူးလား။ မတော်တဆဖြစ်လာမှ ငိုမဲ့ငိုမဲ့တွေ နဲ့ မရှုနိုင်မကယ်နိုင်ပေါ့။ ဦးငွေး က တပည့်တွေကိုစာသင်ရင်းနဲ့ အဲဒီလိုကိစ္စတွေကိုလဲ လမ်းကြုံတိုင်း ထည့်ပြောလေ့ရှိတယ်။ 'မင်းတို့ တွေ ဆိုင်ကယ်ကိုဇာတ်ကားတွေထဲ က မင်းသားတွေလို ကြမ်းကြမ်းရမ်း ရမ်းစီးချင်ရင် မစီးခင်ဆေးရုံကြီး ကို ခဏသွားကြည့်ပါ'လို့ ပြောတတ် တယ်။ ဟုတ်တယ်လေ။ ဦးငွေး တို့ မြို့ကဆေးရုံကြီးရဲ့ လူနာဆောင် ကိုတစ်ခါရောက်သွားပါတယ်။ အမယ်လေး...မမြင်ဝံ့စရာတွေချည်း ပဲဗျာ။ ခေါင်းမှာပတ်တီး၊ လက်မှာ ကျောက်ပတ်တီး၊ ခြေထောက်ကို ကျောက်ပတ်တီးစည်းပြီး ကြိုးဆွဲ ထားတာ။ အို...စုံနေတာပဲ။ တချို့ ဆိုသတိကိုမရတော့ဘူး။ တစ်ယောက် များ ထိုင်နေလဲမရ၊ လှဲပြီးတော့လဲ မအိပ်နိုင်ဘဲ တဟင်းဟင်းညည်း နေတာများ သနားစရာ၊ စိတ်မချမ်း သာစရာကွယ်။ သူ့ခမျာ စကားလဲ ပြန်မပြောနိုင်ရှာဘူး။ အဲဒီလူနာ တွေကိုကြည့်လိုက်ရင် ဆိုင်ကယ် အက်ဆီးဒင့်ဖြစ်တဲ့သူတွေချည်း ပဲ။ အရွယ်တွေကိုကြည့်လိုက်ရင် အားလုံးက ဆယ်ကျော်သက်အရွယ် ယောကျ်ားလေး၊ မိန်းကလေးတွေ ချည်းပဲ။ ဒါက ဆေးရုံမှာနော်။ မြို့နယ်တရားရုံးကို သွားကြည့်အုံး။ ကျောင်းသားအရွယ်လေးတစ်ဦး။ လက်ထိတ်တန်းလန်းနဲ့။ ဦးငွေးက အံ့ဩလို့ မေးကြည့်တော့ 'သူက ဆိုင်ကယ်နဲ့အဘိုးကြီးတစ်ယောက် ကိုတိုက်မိတာ အဘိုးကြီးသေသွား လို့ အဖမ်းခံရတာ'တဲ့။ တရားရုံးမှာ ယာဉ်တိုက်မှုကြောင့်ဖြစ်တဲ့အမှုက အများဆုံးပဲတဲ့။ ကိုင်း...တူ၊ တူမ တို့ဆင်ခြင်ကြတော့နော်။ လီဗာ တင်တိုင်းပြေးတဲ့စက်တပ်ယာဉ်ကို အပြိုင်အဆိုင်စီး မတော်တဆဖြစ် ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝနိဂုံး ချုပ်သွားရတဲ့လူငယ်တွေ ဘယ် လောက်များပြီလဲဆိုတာ မင်းတို့နဲ့ နီးစပ်ရာ (က ည န) ရုံးတွေမှာ စုံစမ်းကြည့်လိုက်။ ဝမ်းနည်းကြေကွဲ အထိတ်တလန့်ဖြစ်သွားလိမ့်မယ် တူ၊ တူမလေးတို့ရေ။

ဒါကြောင့် ဦးငွေးက မင်းတို့ ကို မှာချင်ပါတယ်။ အသက်မပြည့် သေးဘဲ ဆိုင်ကယ်၊ ကား မစီးချင်၊ မမောင်းချင်ပါနဲ့။ အသက်ပြည့်လို့ စီးကြရင်လဲ ဆင်ခြင်တုံတရားလေး နဲ့ သတိကပ်ပြီးစီးကြပါ။ ယာဉ် စည်းကမ်း လမ်းစည်းကမ်းတွေကို အတိအကျလိုက်နာကြပါ။ ယာဉ် ထိန်းရဲမရှိဘူးကွဆိုပြီး မီးနီကို ဖြတ်မမောင်းပါနဲ့။ ဦးငွေး သိ သလောက် မီးပွိုင့်မှာ မီးနီချိန်ဟာ ခဏလေးပဲကြာပါတယ်။ ဒီအချိန် ခဏလေးကို စိတ်မရှည်မဖြစ်ကြပါ နဲ့။ ဆန္ဒစောမှု အမှားတစ်ချက် ကြောင့် ကိုယ့်အသက်အန္တရာယ်ဖြစ် နိုင်တယ်ဆိုတာ မမေ့ပါနဲ့လို့ အလေး အနက်မှာလိုက်ပါရစေကွယ်။

တူ၊ တူမလေးတို့တွေ ယာဉ် စည်းကမ်း လမ်းစည်းကမ်းတွေကို အတိအကျလိုက်နာနိုင်တဲ့ နိုင်ငံ့ သားကောင်း သမီးကောင်းတွေဖြစ် နိုင်ကြပါစေကွယ်။ ။

တူ၊ တူမလေးတို့ရဲ့
ချစ်သောဦးငွေး
မောင်ဖျော်(ပေတစ်ပင်)

# မြန်မာဝေါဟာရကဗျာများ

တင်လင်းဇော်

### ရေးသားတတ်ရန် နသတ်ပြန်

'ကြာမှောက်ကြာပြန်'၊ 'ကြက်တောင်ပြန်'
'ကျွမ်းပြန်ကျ'လည်း နသတ်ပြန်။

'ခေါက်တုံ့ခေါက်ပြန်'၊ 'ခွေးရူးပြန်'
'ချွေးပြန်'တာလည်း နသတ်ပြန်။

'ကပြောင်းကပြန်'၊ 'စကားပြန်'
'ကာပြန်'တာလည်း နသတ်ပြန်။

'ဖောက်လှဲဖောက်ပြန်'၊ 'အရက်ပြန်'
'တန်ပြန်'တာလည်း နသတ်ပြန်။

'ထုပ်ပြန်လျှောက်ပြန်'၊ 'မြေငွေ့ပြန်'
'တောင်ပြန်စပါး' နသတ်ပြန်။

'ခြသေ့်လည်ပြန်'၊ 'နှုတ်တုံ့ပြန်'
'စာပြန်ပွဲ'လည်း နသတ်ပြန်။

နသတ်ပြန်များ၊ သတိထား
ရေးသားတတ်စေရန်။ ။

### ခေတ်သစ်ရွာသကြၤန်

ရွာလယ်ပိုင်းက သကြၤန်ရုံ
အော်ဟစ်ဆူညံ ကလို့ခုန်။

မကြုံစဖူး ရူးမတတ်
နားကြားပြင်းလွန်ကတ်။

'မြင်ပြင်းကတ်'လည်း ရောလို့မွှေ
အရမ်း 'ပူပြင်း'တဲ့နွေ။

ရေတွေလည်းဖြုန်း 'ပြင်းထန်ပြုန်း'
'မီးပြင်းတိုက်'သလို တဝုန်းဝုန်း။ ။

### တုတ်တပြက် ဓားတပြက်ဇာတ်လမ်း

'ကပြက်ကချော်' မောင်ဖိုးတုတ်
လူရွှင်တော်'လူပြက်' အမြဲလုပ်။

'ပြက်လုံးထုတ်'တာ သူ့ဝါသနာ
'စကားပြောင်စကားပြက်' ပြောတတ်တာ။

'ပြက်ရယ်ပြု'က သူ့စကား
'တုတ်တပြက် ဓားတပြက်' ဖြစ်စေသား။

'အပြက်မှသား' လျှော့လိုက်ကာ
'အပြောင်အပြက်'မပါ ပြောဆိုပါ။

သူလိုက်နာတာ 'လျှပ်တစ်ပြက်'
ပြီးတော့ပြုမြဲ 'အပြက်အပြက်'။ ။

### အထည်ကြီးပျက်၊ မျက်နှာပျက်

'အထည်ကြီးပျက်'၊ 'မျက်နှာပျက်'
'ပျောက်ပျက်'ကိုလည်း ယပင့်မည်။

'မီးကျိုးမောင်းပျက်'၊ 'အိပ်ရေးပျက်'
'ခေတ်ပျက်'ကိုလည်း ယပင့်မည်။

'ပုံပျက်ပန်းပျက်'၊ 'စကားပျက်'
'ပြုပျက်'ကိုလည်း ယပင့်မည်။

'ပျက်စီးပျက်ပြုန်း'၊ 'လွန်ပျက်သုဉ်း'
အားလုံး'ပြယ်ပျက်' ရပါမည်။

'ပျက်ချေပျက်ပြား'၊ 'ပျက်ယွင်း'သွား
'ပျက်'များအသုံးကို မှတ်ရမည်။ ။



သမီးရတနာညိုပြာ
ဇာတ်လမ်းနတ်သစ်ရွက်
သရုပ်ဖော်-စိုးပြေ
Precious daughter, Nyo Pyar
Story: Nat Thit Ywat
Illustration: So Pyay
Tr: BMK
ဧရာဝတီကမ်းနဖူးမှ ရေလုပ်သားကြီး ဦးရွှေမြငါးအပြည့် ထည့်ထားသော တောင်းကြီးကိုထမ်း၍ ကမ်းပေါ်တက်လာသည်။
On the bank of the Ayeyarwady River, the fisherman U Shwe Mya went up the shore, carrying a bamboo basket which was full of fish.
ဟာ... ဦးရွှေမြ ငါးတွေရလှချေလား။
"U Shwe Mya, you've got a lot of fish!"
သမီးလေးညိုပြာ ကူဖမ်းပေးလို့ များများရတာ...
"As my daughter Nyo Pyar helped me, I got a lot."
ဪ... ဧည့်သည်လဲ ပါလာသကိုး။
"Aww, a guest is coming along with you."
ရန်ကုန်က ဧည့်သည်ပါ။
"He is the guest from Yangon."


မင်းတို့ မနက် အိမ်ကို လာခဲ့ကြအုံး။ သမီးလေး ညိုပြာ ကိုနားသပေးမလို့ ဧည့်သည်ပါ ခေါ်လာခဲ့ပါ။
"Come to my house the next morning. I will hold a ear-piercing ceremony for Nyo Pyar. You can bring your guest."
ဟော့ ကောင်မျိုးဝင်း ငါးကူဖမ်းပေးတယ် ဆိုတဲ့ သူ့သမီးလေး ညိုပြာဆိုတာလဲ မတွေ့ပါလား။
"Myo Win, I haven't seen his daughter, who helped him in catching fish."
ဟုတ်ကဲ့ လာခဲ့မယ်။ ဦးကြီးရွှေမြ
"Yes, we will. Uncle Shwe Mya."
ဟား...ဟား...ညိုပြာ ဆိုတာလူမဟုတ်ဘူး။ လင်းပိုင်မလေး တစ်ကောင်ပဲကွ...
"Ha! Ha! Nyo Pyar is not a human. She is only a female dolphin."
လင်းပိုင်မလေးညိုပြာနဲ့ သူတို့စတွေ့ပုံကဒီလိုကွ...
"This is how they met the female dolphin Nyo Pyar."


ကျောဝတီမြစ်အတွင်း
ဦးရွှေမြတို့လင်မယား
ပိုက်ချနေစဉ် မုန်တိုင်း
တစ်ခုနှင့်ကြုံလိုက်ရသည်။
While U Shwe Mya and his wife were throwing their net, there was a storm.
လှိုင်းတစ်ချက်အပုတ်
တွင် ဒေါ်သက်ပုံ ရေထဲ
ကျသွားသည်။
As the wave tossed the boat, Daw Thet Pon fell into the water.
ဦးရွှေမြက ဒေါ်သက်ပုံ
ကိုကယ်ရန်လှုပ်နေစဉ်...
On the boat, U Shwe Mya tried to save Daw Thet Pon.
မုန်တိုင်းကြားတွင် ဒေါ်သက်ပုံ
ကို လင်းပိုင်တစ်ကောင်က
ကမ်းဘက်သို့တွန်းပို့နေသည်။
Under the storm, a dolphin pushed Daw Thet Pon towards the shore.


အခုသူတို့ပြောတဲ့သူတို့သမီး ညိုပြာဆိုတာ... အဲဒီလင်းပိုင်မလေးပေါ့ကွ...
"Their daughter is the female dolphin Nyo Pyar."
ဒါနဲ့ဘာလို့ ညိုပြာလို့ခေါ်တာလဲ
"Besides, why do they call Nyo Pyar?"
အပြာနက်ရောင်နဲ့ မီးခိုးရင့်ရောင်ရှိလို့ ညိုပြာလို့ပေးထားတာ။
"She has the mixing colour of dark blue and dark grey."


ဦးရွှေမြကပိုက်ချသည်နှင့်ရေပြင်ကိုလှော်တက်နှင့်ရိုက်၍...
As soon as U Shwe Mya threw the fishing net, he hit the water surface with his oar.
သမီးရေ... အဖေကြီးကို ငါးဖမ်းရအောင်ပေါ့...
"My daughter, let us catch fish."
ဖြူ
"Phu"
ဖြူ
"Phu"
ကျစ်
"Kyit."
ကျစ်
"Kyit"
အဖော်လင်းပိုင်များနှင့် ငါးအုပ်ကိုပိုက်အတွင်းသို့ ဝိုင်းဝန်းမောင်းသွင်းလိုက်ကြသည်။
She drove a group of fish into the net with her companions.
ငါးသေးများ၊ ပုစွန်များ သီးသန့် ဖယ်၍ လင်းပိုင်များ ကို ကျွေးသည်။
The little and the prawns were particularly left and fed to the dolphins.
တစ်နေ့တွင် ဒေါ်သက်ပုံက
One day, Daw Thet Pon said,
သမီးလေးကို နားသသဘော ရွှေကွင်းကလေးဆင်ပေးချင်တယ်။
"I want my daughter to wear a gold earring."
သူ့ကြောင့် အသက်မသေသလို သူကူညီလို့ကျုပ်တို့ အဆင်ပြေနေတာမဟုတ်လား။
"I am still alive and we are okay because of her."
သမီးညိုပြာရေ... လာစားပေါ့...
"My daughter Nyo Pyar, come and eat."


သို့နှင့် သမီးလှရတနာညိုပြာကို
နားသမင်္ဂလာလုပ်ဖြစ်ခဲ့သည်။
So, the ear-piercing ceremony was held for the precious daughter, Nyo Pyar.
ငါးနှင့်လူသား ထူးဆန်းတဲ့
အတုံ့အလှည့်မေတ္တာ
စေတနာတွေကြောင့် ဦးရွှေမြ၊
ဒေါ်သက်ပုံ နှင့် လင်းပိုင်မလေး
ညိုပြာတို့ အဖြစ်ကလှပ
ကြည်နူးစရာကောင်းလှ
ပေသည်။
Because of the mutual love and good-will between the fish and the human beings, the event of U Shwe Mya, Daw Thet Pon and the female dolphin Nyo Pyar was pleasant.
ပြီး

# တေဇတို့ရွတ်ဆိုဖို့
## သဘာဝပတ်ဝန်းကျင်ချစ်ဖွယ်ကဗျာများ(၁၃)

ဇော်မြင့်နီ



တေဇကလေးတို့ရေ...တေဇကလေးတို့ရွတ်ဆိုကြဖို့ ဦးဦး ကဗျာလေးတွေစုပြီး ရေးကူးပေးထားပါတယ်။ ဒီကဗျာလေးတွေက သဘာဝပတ်ဝန်းကျင်အကြောင်း ရေးဖွဲ့ထားတဲ့ကဗျာလေးတွေပါ။ ကဗျာလေးတွေကို ရှေးခေတ်စာဆိုတော်ကြီးတွေက ရေးဖွဲ့ခဲ့တာဖြစ်ပါတယ်။ အခုလမှာတော့ စာဆိုတော်လက်ဝဲသုန္ဒရအမတ်ကြီးရဲ့ ကဗျာလေးတွေကို ရွတ်ဆိုကြပါစို့ကွယ်။ ဒီကဗျာလေးတွေကိုတော့ စာဆိုတော်ကြီးရေးခဲ့တဲ့ 'မဲဇာတောင်ခြေ'နဲ့ 'ဝေရွှန်းစန္ဒာ'ချိုပိုဒ်စုံရတုနှစ်ပုဒ်ထဲက ကောက်နုတ်ထားတာဖြစ်ပါတယ်။

ဒီကဗျာလေးတွေကို စာဆိုတော်ကြီးက 'မဲဇာ'လို့ခေါ်တဲ့အရပ်ဒေသမှာ ရေးခဲ့တာပါ။ စာဆိုတော်ကြီးဟာ လွန်ခဲ့တဲ့နှစ် ၂၅ဝ ကျော်ဆင်ဖြူရှင်မင်းလက်ထက်မှာ မင်းပြစ်မင်းဒဏ်နဲ့ မဲဇာကိုအပို့ခံခဲ့ရတဲ့အချိန်က ရေးခဲ့တာဖြစ်ပါတယ်။ မဲဇာဆိုတာ ရွှေနန်းတော်ကြီးနဲ့အလွန်ဝေးလံတဲ့ နေရာတစ်ခုပေါ့

ကွယ်။ တေဇကလေးတို့နားလည်လွယ်အောင်ပြောရရင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်ထဲမှာရှိပါတယ်။

စာဆိုတော်အမတ်ကြီးဟာ မဲဇာဆိုတဲ့အမည်ကို မကြားဖူး မကြားဖူးဘူး။ ဘယ်နေရာ ဘယ်ဒေသမှာရှိတယ်ဆိုတာကိုလဲ တပ်အပ်သေချာ မသိခဲ့ဘူးတဲ့။ မဲဇာကိုရောက်မှသာ ရွှေပြည်တော်ကြီးနဲ့ ပင်လယ်ခြားသကဲ့သို့ ဝေးလံတဲ့နေရာ၊ ရွှေနန်းတော်ကြီးရှိရာ ရတနာသိဃ်ပြည်ရွှေဘိုနဲ့ အချမ်းမတူ အပူမမျှတဲ့ နေရာလို့ သိလိုက်ရသတဲ့။

စာဆိုတော်အမတ်ကြီးဟာ မိုးကောင်းကင်တမျှ မြင့်မားလှတဲ့ တောတောင်အထပ်ထပ်ဝန်းရံနေတဲ့ မဲဇာတော မဲဇာချောင်မှာနေရသတဲ့။ ညအခါ ရူပ်ကြယ်ကိုလဲ မမြင်ရ။ နေ့အခါ နေကိုလဲ မမြင်နိုင်လောက်အောင် တောတောင်တွေက ထူထပ်အုပ်မိုးနေသတဲ့။ ဘယ်ဟာ အရှေ့၊ ဘယ်ဟာ အနောက်လို့ မသိနိုင်ဘူးတဲ့။ သိဖို့ကြိုးစည်ကြိုးစားရင်လဲ မော်ရပါပဲတဲ့။ တောကြီးမျက်မည်းထဲ ရောက်နေရရှာတဲ့ စာဆိုတော်အမတ်ကြီးဟာ အားငယ်စိတ်၊ ပူပန်စိတ်တွေနဲ့ ရွှေပြည်တော်ကိုသာ နေ့စဉ်လွမ်းနေမိသတဲ့ တေဇကလေးတို့ရေ။

စာဆိုတော်အမတ်ကြီးဟာ 'မဲဇာတောင်ခြေ၊ စီးတွေတွေတည့်၊ မြစ်ရေဝန်းလည်၊ မြိုင်တောစည်က...' ဆိုပြီး မဲဇာမြစ်ကို အဖော်ပြုပြီးနေရတယ်။

'...ကင်းစမ်းတောင်က၊ လေဦးစ၍၊ နောက်မှလေရှည်၊ အတည်တည်သည်၊ လေပြည်လာက အေးသောကြောင့်' ဆိုပြီး လေပြည်လေးနဲ့အဖော်ပြုနေရတယ်။ '...မိုးမြင့်သီခေါင်၊ မဲဇာချောင်က၊ တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းယှက်၍၊ ဝန်းကာဝေ့သည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ လေလည်းရောရာ၊ မိုးမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်' ဆိုပြီး ဝေဝေဆိုင်းဆိုင်းလှပနေတဲ့ တောင်ခိုးတောင်ငွေ့တွေ၊ သဲသဲမဲမဲကျနေတဲ့ ဆီးနှင်းတွေကို အဖော်ပြုနေခဲ့ရသတဲ့။ ချမ်းအေးလွန်းလို့ '...နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စေ့ရေလှည့်လည်၊ တလျက်မြည်သည်၊ နေခြည်ဖြာမှ နွေးသောကြောင့်' ဆိုပြီး နေကိုမျှော်ရင်း နေကိုတရင်းနေခဲ့ရသတဲ့။ မဲဇာအရပ်ဟာ စိမ့်ကြီးမြိုင်ကြီးဖြစ်တာမို့ နွေမှာတောင် အအေးပိုလှတာကို စာဆိုတော်အမတ်ကြီးက မှတ်တမ်းတင်ထားခဲ့တာပေါ့ကွယ်။

စာဆိုတော်အမတ်ကြီးဟာ မဲဇာချောင်မှာ နွေအကုန်မိုးအကူးကာလတွေဖြစ်တဲ့ ကဆုန်၊ နယုန်၊ ဝါဆိုလတွေမှာ နေခဲ့ရရှာတယ်။ စာဆိုတော်အမတ်ကြီးက နေ့စဉ်နဲ့အမျှ နေပြည်တော်ကြီးကို လွမ်းရပုံကို '...ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့၊ မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်...'လို့ ဆိုညည်းခဲ့ရှာတယ်။ ပြီးတော့ '...ရွှေနန်းရွှေဘုံ၊ အလုံးစုံကို၊ အာရုံမျက်မြင်၊ ဖူးမြော်ချင်၍၊ သည်တွင်ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီရွှေနန်း၊ ဖြောင့်တန်းတော့မည်၊ စိတ်ကရည်သည်၊ ရွှေပြည်ဌာနဝေးသောကြောင့်'လို့ မှန်းဆတမ်းတနေမိသတဲ့။ ပြည်သူတွေကိုလွမ်းမိတော့ 'နွေကျွန်းသန်ကာ၊ ခုချိန်ခါကို၊ ကျောင်းသာရာမ်ခင်း၊ စေတီတွင်း၌၊ သီတင်းအလှူ၊ ရွှေပြည်သူတို့၊ ဆုယူစည်းဝေး၊ ဖြူဖြူဖွေးလိမ့်၊ စက်မေးခိုက်တွင်၊ အိပ်မက်မြင်သို့၊ မရှင်ရှုတ၊ လွမ်းလိုက်လှရှင့်...'လို့ ရေးသားခဲ့ပါတယ်။ ဘုရားကျောင်းကန်တွေမှာ အလှူဒါနပြုကြပုံတွေကို သတိရလွမ်းဆွတ်နေတာ အိပ်မက်ထဲအထိပါပဲတဲ့ တေဇကလေးတို့ရေ။ ကြင်နာသနားဖွယ်ပါပဲကွယ်။

စာဆိုတော်အမတ်ကြီးမှာ တေဇကလေးတို့လို သားသမီးတွေလဲရှိတယ်။ သူတို့ရှေ့ရေးကိုလဲတွေးပူနေမိတယ်။ သားနဲ့သမီးက အမတ်ကြီးရဲ့ရင်ခွင်မှာ ပွေ့ဖက်တွယ်မှီပြီးနေချင်ရှာကြမှာကိုတွေးမိတော့ '...အိမ်သူချောသွယ်၊ သုံးယောက်မယ်နှင့်၊ ပင်လယ်ခြားရာ၊ ခရီးကွာသို့၊ မှာလည်းမကြား၊ သွားလည်းမသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူခွင့်ရှည်

ရေး၊ ရှိချေသေး၏၊ ရင်သွေးရွှေတောင်၊ သားမောင်နှမ၊ ဆင်းသိင်္ဂီတို့၊ မွေးဖရင်ခွင်၊ ရွှေလက်တင်၍၊ ယုငင်ပိုက်ဖြား၊ ပျော်မည်များနှင့်၊ နှစ်ပါးမျက်ခြည်၊ သားနှင်းရည်သည်၊ ရွှေလည်ဆွဲချင်ရှာလိမ့်မည်' လို့ အလွမ်းပေါ်အလွမ်းဆင့်နေရှာခဲ့ရတယ်။ စာဆိုတော်ကြီးဟာ လွမ်းစေတီတစ်ဆူကို အမှတ်တရတည်ခဲ့သေးတယ်။ လွမ်းစေတီကို မဲဇာမှာ ယခုတိုင်ဖူးနိုင်သေးကြောင်း သိရပါတယ် တေဇကလေးတို့ရေ။

စာဆိုတော်အမတ်ကြီးဟာ မြန်မာစာပေသမိုင်းမှာ ကျော်စောထင်ရှားလှသူဖြစ်ပါတယ်။ ရတု၊ ပျို့၊ လင်္ကာ၊ မော်ကွန်းနဲ့ အဲချင်းကဗျာတွေ များစွာရေးခဲ့သူလဲဖြစ်ပါတယ်။ စာပေပညာရှင်များစွာက စာဆိုတော်ကြီးရဲ့ မဲဇာတောင်ခြေရတုတွေကို နှစ်သက်တန်ဖိုးထားကြတယ်။ ဆရာကြီး ပါမောက္ခ ဦးဖေမောင်တင်က စာဆိုတော်ကြီးကို အဘက်ဘက်၌ သိမြင်နှံ့စပ်သော စွယ်စုံရပုဂ္ဂိုလ်ကြီးဖြစ်တယ်လို့ ဂုဏ်ပြုခဲ့ပါတယ်။ မဲဇာတောင်ခြေရတုနဲ့ပတ်သက်ပြီး အမတ်ကြီး၏ ကဗျာသည် မြန်မာဆန်သည်လို့ ပညာရှိကြီးတစ်ဦးက မှတ်ချက်ပြုပါတယ်။

စာဆိုတော်အမတ်ကြီးရဲ့ အမည်ရင်းက ဦးမြတ်စံဖြစ်ပါတယ်။ ရွှေဘိုမြို့မြောက်ဘက်ရှိ မန်ကျည်းတုံရွာဇာတိဖြစ်ပါတယ်။ ဖခင်က ရွာသူကြီး မြင်းစီးရိုးဖြစ်ပါတယ်။ မြန်မာနှစ် ၁၀၈၅ ခုမှာ မွေးဖွားပြီး ၁၁၆၁ ခုမှာ ကွယ်လွန်ခဲ့ပါတယ်။ စာဆိုတော်ကြီးရဲ့ဇနီးက ဒေါ်ရွဲဖြစ်ပါတယ်။ သားကြီးဖြစ်သူ ဦးအေးက ဘကြီးတော် ခေါ် စစ်ကိုင်းမင်းလက်ထက်မှာ အမှုတော်ထမ်းရွက်ခဲ့ကြောင်းသိရပါတယ်။ နန်းတွင်းစာပေရွှတ်ဖတ်ပွဲတွေမှာ ဦးအေးဟာ ဖိုးသူတော်ဦးမင်း၊ လှူဦးမင်း စတဲ့ စာဆိုတော်ကြီးများနဲ့အတူ ဖခင်ကြီးရဲ့ စာကဗျာတွေရွတ်ဆိုခဲ့ကြောင်းသိရတယ်။

အခုတော့ စာဆိုတော်ကြီးရဲ့ ရတုကဗျာလေးတွေကို ရွတ်ကြစို့နော်။

၃။ …စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့်၊ တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံဝယ်၊ ရူဝံမပေါ်၊ မမြော်ပါရ၊ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အံ့သြ၊ ကြံတိုင်းမောစွ၊ ဘယ်တောဘယ်မြိုင်၊ မသိနိုင်ခဲ့၊ မခိုင်စိတ်ဝမ်း၊ နေ့တိုင်းလွမ်းရှင့်၊ ကင်းစမ်းတောင်က၊ လေဦးစ၍၊ နောက်မှလေရှည်၊ အတည်တည်သည်၊ လေပြည်လာက အေးသောကြောင့်။

၄။ …မိုးမြင့်သီခေါင်၊ မဲဇာချောင်က၊ တစ်တောင်လုံးမှိုင်း၊ စ၍ဆိုင်းသော်၊ တောင်တိုင်းယှက်၍၊ ဝန်းကာဝေ့သည်၊ တောင်ငွေ့ဝေဝေ၊ အထွေထွေနှင့်၊ လေလည်းရောရာ၊ မိုးမပါဘဲ၊ သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စေ့ရေလှည့်လည်၊ တလျက်မြည်သည်၊ နေခြည်ဖြာမှ နွေးသောကြောင့်။

၅။ …မြိုင်တောဝှမ်းဝယ်၊ အချမ်းမတူ၊ အပူမမျှ၊ ကြံပြန်ရရှင့်…။

၆။ နွေကျွန်းသန်ကာ၊ ခုချိန်ခါကို၊ ကျောင်းသာရာမ်ခင်း၊ စေတီတွင်း၌၊ သီတင်းအလှူ၊ ရွှေပြည်သူတို့၊ ဆုယူစည်းဝေး၊ ဖြူဖြူဖွေးလိမ့်၊ စက်မှေးခိုက်တွင်၊ အိပ်မက်မြင်သို့၊ မရှင်ရူတ၊ လွမ်းလိုက်လှရှင့်…။

၇။ …အိမ်သူချောသွယ်၊ သုံးယောက်မယ်နှင့်၊ ပင်လယ်ခြားရာ၊ ခရီးကွာသို့၊ မှာလည်းမကြား၊ သွားလည်းမသင့်၊ ဖြစ်သဖြင့်လျှင်၊ ပူခွင့်ရှည်ရေး၊ ရှိချေသေး၏။

၈။ ရင်သွေးရွှေတောင်၊ သားမောင်နှမ၊ ဆင်းသိင်္ဂီတို့၊ မွေးဖရင်ခွင်၊ ရွှေလက်တင်၍၊ ယုငင်ပိုက်ဖြား၊ ပျော်မည်များနှင့်၊ နှစ်ပါးမျက်ခြည်၊ သားနှင်းရည်သည်၊ ရွှေလည်ဆွဲချင်ရှာလိမ့်မည်။ ။

**ဇော်မြင့်နီ**


# တီတီလေးနဲ့ ပုံဆွဲမယ်

TTL

တေဇကလေးတို့ရေ . . .

ပုံဆွဲဖို့ဝါသနာပါပေမဲ့ ဆွဲရခက်နေတဲ့ကလေးတွေ ရှိကြပါလိမ့်မယ်။ ဘာမှ သောကရောက်မနေကြပါနဲ့နော်။ တီတီလေးဖြေရှင်းပေးပါ့မယ်။ ဖော်ပြပါပုံလေးမှာ နံပါတ်ကလေးတွေနဲ့ပြထားတဲ့ အစက်ကလေးတွေကို (1)ကစပြီး အစဉ်လိုက် တစ်ဆက်တည်းရေးဆွဲသွားရင် ပုံလေးတစ်ပုံကို ရေးဆွဲပြီးသားဖြစ်သွားလိမ့်မယ်။ ဒီလိုပုံမျိုးတွေကို မကြာခဏလေ့ကျင့်ရေးဆွဲပေးရင် ပုံလေးတွေရဲ့ ပုံပန်းသွင်ပြင်ဟန်ကိုသိလာပြီး ပန်းချီရေးဆွဲရာမှာ အထောက်အကူဖြစ်လာပါလိမ့်မယ်။ ပုံဆွဲပြီးရင် ဆေးရောင်လဲ ခြယ်လို့ရသေးတယ်နော်။ ။





စာစီစာကုံးပြိုင်ပွဲ

ပထမဆု



မဆုလဲ့ရတနာ
နဝမတန်း
Peter Thang
ကိုယ်ပိုင်အထက်တန်းကျောင်း၊
မှော်ဘီမြို့၊ ရန်ကုန်တိုင်းဒေသကြီး။

# ကဆုန်လပြည့် ဗုဒ္ဓနေ့

'ကဆုန်လပြည့် ဗုဒ္ဓနေ့' ဟူသော သတ်မှတ်စကားအတိုင်း ကဆုန်လသည် မြန်မာတို့နှင့်ရင်းနှီးသော အရေးပါသော နေ့တစ်နေ့ဖြစ်ပါပေသည်။ မြန်မာတို့သည် သစ်ပင်တောတောင်ကိုချစ်ခင်သော လူမျိုးဖြစ်ပေသည်။ ထို့ကြောင့် သစ်ပင်တောတောင်ရေမြေကိုမြတ်နိုးတန်ဖိုးထားကြပေသည်။ ဘုရားရှင်ပွင့်တော်မူရာ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ခြင်းသည်လည်း မြန်မာ့ဓလေ့စစ်စစ်ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် ကဆုန်ညောင်ရေသွန်းပွဲတော်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပေသည်။

မြန်မာတစ်ဆယ့်နှစ်လရာသီတွင် ကဆုန်လသည် ဒုတိယမြောက်လဖြစ်သည်။ ကဆုန်လသည် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဗုဒ္ဓသာသနာနှင့်သက်ဆိုင်သည့် လမြတ်မဟာဖြစ်သည်။ ပို၍ထူးခြားသည်မှာ ကဆုန်လပြည့်နေ့ကို 'ဗုဒ္ဓနေ့'အဖြစ် အထူးပြုသတ်မှတ်ခြင်းဖြစ်သည်။ ကဆုန်လသည် နွေရာသီဖြစ်သည့်အားလျော်စွာ ဆည်မြောင်း ကန်ချောင်း ရေတွင်းရေအိုင်တို့ ရေခန်းရေပြတ်သည့်လဖြစ်သည်။ ပုဂံခေတ်တွင် ရေးထိုးထားခဲ့တဲ့ ကျောက်စာများတွင် 'ကဆုန်'လကို 'ကုဆုန်'ဟုအရေးများသည်။ 'ကုဆုန်'မှ 'ကဆုန်'သို့ ရွေ့လျောလာခြင်းဖြစ်ပြီး 'ကု'သည်'ရေ'၊ 'ဆုန်'သည် 'သွန်းလောင်းခြင်း'ဖြစ်၍ ကဆုန်လကို 'ရေသွန်းလ၊ ရေလောင်း'လဟု ကောက်နုတ်ယူ၍ရသည်။

ကဆုန်လ ပြီသရာသီတွင် ညောင်ရေသွန်းပွဲတော်ကို ကျင်းပသည်။ ဤပွဲတော်ကား ရေပြတ်၍ ခြောက်သွေ့နေသော ဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိညောင်ပင်ကို ရေသွန်းလောင်းပူဇော်သောပွဲတော်ဖြစ်သည်။ ဗောဓိပင်အား ညောင်ရေသွန်းလောင်းခြင်းသည် မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် သံဝေဇနိယလေးဌာနနှင့်သက်ဆိုင်သည်။ သံဝေဇနိယလေးဌာနမှာ ရှင်တော်မြတ်ဘုရားဖွားမြင်တော်မူရာဖြစ်သော လုမ္ဗိနီဥယျာဉ်၊ ဘုရားအဖြစ်သို့ရောက်တော်မူသော မဟာဗောဓိညောင်ပင်၊ ဓမ္မစကြာတရားဦးဟောကြားတော်မူသော မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်ပြုသော ကုသိနာရုံတို့ဖြစ်သည်။ ထိုလေးဌာနသည် သဒ္ဓါရှင်ကြည်ဖူးမြော်ထိုက်သော၊ သံဝေဂရစေနိုင်သောဌာနများဟု မြတ်စွာဘုရားရှင်ဟောကြားတော်မူသည်။ ထိုသို့ဟောကြားချက်ကို နာယူလျက် ကဆုန်လရေခန်းခြောက်ချိန်တွင် ဘုရားရှင်ပွင့်တော်မူရာ ဗောဓိညောင်ပင်အား ကြည်ညိုသဒ္ဓါတရားပွားများမှုကို ဦးတည်လျက် ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

မဟာဗောဓိညောင်ပင်နှင့်စပ်လျဉ်း၍ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော အချက်တစ်ချက်ရှိသေးသည်။ ဘုရားရှင်

သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် အနာထပိဏ်သူဌေးကြီးက ရှင်အာနန္ဒာမထေရ်မြတ်မှတစ်ဆင့် ဘုရားရှင်သို့ လျှောက်ထားစေသည်မှာ 'ဘုရားရှင်အားကြည်ညို၍ လာရောက်ဖူးမြော်ကြသည့်ပုဂ္ဂိုလ်များ ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်မရှိခိုက်နှင့်ကြုံလျှင် မည်သည်ကိုပူဇော်ကြည်ညိုနိုင်ကြောင်း' လျှောက်ထားခြင်းဖြစ်သည်။ ထိုအခါ ဘုရားရှင်က 'ငါဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် ဓာတ်တော်ရတနာများဖြစ်သော သာရီရိကစေတီ၊ သပိတ်၊ သင်္ကန်း စသည့် အသုံးအဆောင်များဖြစ်သော ပရိဘောဂစေတီ၊ ဘုရားရှင်အားရည်မှန်းသွန်းထုထားသော ဥဒ္ဒိဿစေတီများအား ကိုးကွယ်နိုင်ကြပေသည်။ ဘုရားရှင် သစ္စာတရားလေးပါးကို ပိုင်းခြားသိမြင်တော်မူသော မဟာဗောဓိညောင်ပင်သည်လည်း စေတီမည်၍ ဖူးမြော်ကိုးကွယ်နိုင်ကြသည်'ဟု မိန့်ကြားတော်မူသည်။ ထိုဟောကြားချက်အရ ဗောဓိညောင်ပင်အား ဘုရားရှင်ကိုယ်စား ပူဇော်ကြပြီး ညောင်ရေသွန်းကာ သဒ္ဓါတရားကိုပြဆိုသည်။ ထိုမှတစ်ဆင့် ကဆုန်လပြည့် ညောင်ရေသွန်းပွဲတော်သည် ဗုဒ္ဓသာသနာစတင်ရောက်ရှိလာသည့်အချိန်မှစ၍ ယနေ့အထိ ရှင်သန်လျက်ရှိကြောင်း မှတ်ယူရသည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်ကပင် ရွှေနန်းတော်ကြီးမှစ၍ ညောင်ရေသွန်းပွဲတော်ကို စနစ်တကျ ဆင်နွှဲခဲ့သည်ကို တွေ့ရှိနိုင်ပေသည်။ မြန်မာစာဆိုကြီးတစ်ဦးဖြစ်သော တောင်ငူခေတ်စာဆိုရှင် နဝဒေးကြီးသည် ချစ်သူရှင်နှောင်းကို တွေ့ဆုံခဲ့သည်မှာလည်း ညောင်ရေသွန်းပွဲတော်မှာပင်ဖြစ်ပေသည်။ ထိုပွဲတော်များမှတစ်ဆင့် စာဆိုနဝဒေးကြီး၏ ထင်ရှားသောရတုများသည် ပေါက်ဖွားခဲ့ပေသည်။ ထို့ပြင် ကုန်းဘောင်ခေတ်စာဆိုတော်ကြီး လက်ဝဲသုန္ဒရ၏ မဲဇာတောင်ခြေချီရတုတွင် 'ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်'ဟူ၍ ရွှေဘိုနန်းကို တမ်းတရေးဖွဲ့ချက်တွင် ထင်ရှားစွာတွေ့မြင်နိုင်ပေသည်။

ညောင်ရေသွန်းပွဲတော်များကို ပုဂံ၊ ပင်းယ၊ အင်းဝခေတ်ကပင် ဆင်နွှဲခဲ့ကြောင်း အထောက်အထားများအရ သိရသည်။ ကဆုန်လပြည့်နေ့တွင် ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းခြင်းသည် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ အစဉ်အလာ မြန်မာ့နည်းမြန်မာ့ဟန်ပွဲတော်တစ်ရပ်ဟုဆိုနိုင်သည်။ ညောင်ရေသွန်းဓလေ့သည် မဇ္ဈိမဒေသနှင့် သီရိလင်္ကာတို့တွင် ရှေးကလည်းမရှိခဲ့။ ယနေ့တိုင်လည်း မရှိချေ။ မြန်မာတို့တွင်သာရှိ၍ မြန်မာ့ပွဲတော်စစ်စစ်ဟု သတ်မှတ်ရပေမည်။ ကဆုန်လပြည့်နေ့တွင် ရေအိုးကိုယ်စီရွက်၍လည်းကောင်း၊ တချို့မှာ ဆိုင်းထမ်းများ ထမ်း၍လည်းကောင်း ဗောဓိညောင်ပင်ရှိရာသို့သွား၍ ရေစင်သွန်းလောင်းကြသည်မှာ ယဉ်ကျေးသိမ်မွေ့ ကျက်သရေပြည့်ဝလှသော မြန်မာမှု မြန်မာ့ဟန် မြန်မာ့အသွင်သဏ္ဌာန်ပင်ဖြစ်သည်။ မြန်မာတို့သည် မဟာဗောဓိညောင်ပင်ကို ပရိဘောဂစေတီအဖြစ် ထည့်သွင်းသတ်မှတ်ပူဇော်ကြသည်။ မြတ်စွာဘုရားရှင်ပွင့်တော်မူရာ မြင့်မြတ်သောသစ်ပင်အဖြစ် အလေးအမြတ်ထားခြင်းဖြစ်သည်။ ညောင်ရေသွန်းလောင်းခြင်းသည် ပရိဘောဂစေတီအား ရေသပ္ပာယ်ခြင်းဖြစ်သည်။ နိုင်ငံအနှံ့အပြား ဘုရားကျောင်းကန်များ၌ စိုက်ပျိုးထားသော ဗောဓိညောင်ပင်များသည် ခေတ်အဆက်ဆက်ကပင် ဗုဒ္ဓဂယာနှင့် သီရိလင်္ကာတို့မှ သယ်ဆောင်ယူဆောင်လာသည့်မျိုးစေ့များ၊ အပင်များပင်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် အစောဆုံး ဗောဓိညောင်ပင်ကို အေဒီ ၁၀၄၄ ခုနှစ်တွင် နန်းတက်သော အနော်ရထာမင်းမြတ်က စိုက်ပျိုးသည်။ မထေရ်မြတ် ရှင်အရဟံနှင့်အတူ ပင်းယမြို့သို့သွားရောက်ပြီး ထေရဝါဒဗုဒ္ဓဘာသာထွန်းကားခြင်း အထိမ်းအမှတ်အဖြစ် စိုက်ပျိုးခြင်းဖြစ်သည်။ ပုဂံခေတ်မှာပင်

အေဒီ ၁၁၇၃ ခုနှစ်တွင် နန်းတက်သော နရပတိစည်သူမင်းသည် ဆရာတော် အရှင်ကဿပမထေရ်မြတ် သီရိလင်္ကာမှ ယူဆောင်လာသော မဟာဗောဓိညောင်မျိုးစေ့ကိုလက်ခံပြီး စိုက်ပျိုးသည်။ ပင်းယခေတ် ဥဇနာမင်းသည် အေဒီ ၁၃၄၀ ပြည့်နှစ်တွင် မဟာဗောဓိညောင်ပင် စိုက်ပျိုးခဲ့ပြီး အင်းဝခေတ် နရပတိဘုရင်သည် အေဒီ ၁၄၄၂ ခုနှစ်တွင်လည်းကောင်း၊ မဟာသီဟသူရသည် အေဒီ ၁၄၆၈ ခုနှစ်တွင်လည်းကောင်း သီရိလင်္ကာမှ ရရှိသော ဗောဓိညောင်ပင်များကို စိုက်ပျိုးခဲ့သည်။ ရွှေတိဂုံစေတီတော်အနောက်မြောက်ထောင့်တွင်ရှိသော ဗောဓိညောင်ပင်ကို မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။ ယင်းဗောဓိညောင်ပင်တစ်ပိုက်တွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ၁၉၀၅ ခုနှစ်ခန့်က စိုက်ပျိုးခဲ့သော ဗောဓိပင်ရှိသည်။ ထိုညောင်ပင်ကို မက်ဒက်ဆရာတော် ဗောဓိညောင်ပင်ဟုခေါ်ဝေါ်ပြီး ကဆုန်လပြည့်နေ့တိုင်း ညောင်ရေသွန်းလောင်းကြသည်။ ကမ္ဘာ့အေးသီရိလင်္ကာဗောဓိပင်၊ မဟာဝိဇယစေတီနှင့် ရွှေတိဂုံကုန်းတော်ရှိ လွတ်လပ်ရေးဗောဓိပင်တို့မှာ ထင်ရှားသည့် ဗောဓိပင်များဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့အနီးတွင် ဗောဓိပင်ပျိုး ၁၀၀၀ စိုက်ပျိုးရာမှ ထိုနေရာအား ဗောဓိတစ်ထောင်ဟု ယနေ့အထိ အမည်တွင်ထင်ရှားကျော်ကြားလျက်ရှိသည်။

မြန်မာလူငယ်တို့သည် ယဉ်ကျေးသောလူငယ်များဖြစ်သည်နှင့်အညီ ချစ်သူကိုလည်း ဤကဲ့သို့ ထင်ရှားသော ဘာသာရေးပွဲတော်များတွင် ဆုံတွေ့တတ်ကြပေသည်။ 'ဘုရားမှာနှစ်ခါဆုံတယ်' ဆိုသောသီချင်းစာသားကဲ့သို့ မြန်မာလူငယ်တို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် ညောင်ရေသွန်းပွဲတော်ဆင်နွှဲရာတွင် ဆုံတွေ့ပျော်ရွှင်ကြပေသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်သည်နှင့်အညီ သစ်ပင်တောတောင်ရေမြေကို ချစ်မြတ်နိုးခြင်းမှာ သဘာဝကျလှပေသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ရိုသေစွာပူဇော်ခြင်းဖြင့် ကောင်းကျိုးခပ်သိမ်းပြည့်ဝလျက် မိုးလေဝသမှန်ကန်ကောင်းမွန်မှုလည်းဖြစ်စေနိုင်သည်ဟု မြန်မာတို့သည် ယုံကြည်ကြပေသည်။

ထို့ကြောင့် ကဆုန်လပြည့်နေ့တွင်ပြုလုပ်သော ညောင်ရေသွန်းပွဲတော်သည် ဘုရားရှင်အား ယုံကြည်မြတ်နိုးမှု၊ ဘုရားရှင်၏ဘုရားအဖြစ်သို့ ရောက်တော်မူခြင်းကို ကြည်ညိုမှု၊ သစ်ပင်တောတောင်ရေမြေထိန်းသိမ်းမှုဟူသော ဓလေ့ကောင်းများဖြင့် ပြည့်နှက်နေကြောင်း တွေ့ရှိနိုင်ပေသည်။ ။

**မဆုလဲ့ရတနာ**

## ဆုရွေးချယ်ရေးအဖွဲ့၏ ပြန်ကြားချက်

'ကဆုန်လပြည့် ဗုဒ္ဓနေ့' စာစီစာကုံးများကို ဆုရွေးချယ်ရေးအဖွဲ့က အဆင့်ဆင့်စိစစ်ရွေးချယ်ခဲ့ရာ Peter Thang ကိုယ်ပိုင်အထက်တန်းကျောင်း၊ မော်ဘီမြို့က မဆုလဲ့ရတနာကို ပထမဆုအဖြစ်လည်းကောင်း၊ အ–ထ–က(၁)၊ မိုးကုတ်မြို့က မဖူးပွင့်ဝေကို ဒုတိယဆုအဖြစ်လည်းကောင်း၊ အ–ထ–က(မြို့မ)၊ နတ်တလင်းမြို့က မချစ်စန္ဒီလှိုင်ကို တတိယဆုအဖြစ်လည်းကောင်း ရွေးချယ်ဖော်ပြထားပါသည်။

# သင်္ချာ ဉာဏ်ရည်

မဖူးဖူး

**တေဇကလေးတို့ရေ . . .**

အလွန်တော်တဲ့ကလေးတွေနဲ့ Sudoku ဆိုတဲ့ ဉာဏ်ရည်မြင့်ကစားနည်းလေးကို ကစားကြည့်ရအောင်။ ဒီကစားနည်းဟာ လေးထောင့်ကွက်တစ်ခုချင်းစီထဲမှာ ၁ ကနေ ၉ အထိ ဂဏန်းအားလုံးကို ပြည့်အောင်ထည့်ပေးရမှာဖြစ်တယ်။ ပထမအကွက်ထဲမှာ ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်၊ ပြီးရင် ဒုတိယအကွက်ထဲကို ၁ ကနေ ၉ အထိ ပြည့်အောင်ဖြည့်၊ ဒီလိုနဲ့ အကွက် ၉ ကွက်စလုံး ပြည့်အောင်ဖြည့်ပြီးရင် အတန်းလိုက်ရော ဒေါင်လိုက်အကွက်လေးတွေ ၉ ကွက်စလုံးမှာပါ ၁ ကနေ ၉ အထိ ဂဏန်းတွေ မထပ်စေရဘဲဖြစ်နေရပါမယ်။

လွယ်တယ်ထင်ပေမဲ့ ဉာဏ်အတော်သုံးရမဲ့ ကစားနည်းလေးပါ။ ဂဏန်းအားလုံးဖြည့်ပြီးရင် ဘယ်အတန်းလိုက်မဆို၊ ဘယ်အကွက်ထဲမဆို အားလုံးကိုကြည့်လိုက်ရင် ၁ ကနေ ၉ အထိ ဂဏန်းတွေဟာ မထပ်ဘဲ ပြည့်စုံနေရပါမယ်။ ကစားကြည့်လိုက်ကြရအောင်။ အဖြေကို စာမျက်နှာတစ်နေရာမှာ ဖော်ပြထားပါတယ်။ ။


| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| 4 | | 2 | | | | 3 | 8 | |
| 1 | | 9 | 6 | | 7 | 4 | | |
| | | 8 | 3 | | | 1 | | 6 |
| | 9 | | | 3 | | | | 4 |
| | 2 | 3 | 9 | 6 | 4 | 7 | 1 | |
| 8 | | | | 1 | | | 6 | |
| 9 | | 7 | | | 6 | 5 | | |
| | | 5 | 8 | | 9 | 6 | | 2 |
| | 4 | 6 | | | | 8 | | 9 |

နောင်တေဇ

# ဝင်္ကပါလမ်း

တေဇကလေးတို့ရေ . . .

တစ်ကြိမ်တည်းနဲ့ လမ်းမမှားဘဲ သွားနိုင်မလား။ (တစ်ကြိမ်တည်း)နော်။ ။



# ရှာမယ်၊ ဖြည့်မယ်

မွေး

**တေဇကလေးတို့ရေ . . .**

ပျောက်နေတဲ့အကောင်လေးတွေကို ရှာဖွေဖြည့်ကြရအောင်။ ဒီကစားနည်းလေးက ကလေးတို့ရဲ့ဦးနှောက်စွမ်းရည်ကို ဖွံ့ဖြိုးတိုးတက်စေပါလိမ့်မယ်။ ဘယ်အရာက ဘာလဲဆိုတာ တွေးခေါ်တတ်စေလိမ့်မယ်။ ကိုင်း . . . စကြရအောင်နော်။ ။



# ၂၀၂၄ ခုနှစ်၊ တေဇရုပ်စုံစာစောင်
# စာစီစာကုံးပြိုင်ပွဲအတွက်
# လအလိုက် ယှဉ်ပြိုင်ရမည့်ခေါင်းစဉ်များ

| စဉ် | လအမည် | ခေါင်းစဉ် | နောက်ဆုံးပေးပို့ရမည့် ရက်၊ အချိန် |
|---|---|---|---|
| ၁ | ဇန်နဝါရီလ | ကျေးလက်ညနေခင်း | ၃၀–၁၁–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၂ | ဖေဖော်ဝါရီလ | မြန်မာ့ရိုးရာထမနဲပွဲတော် | ၃၁–၁၂–၂၀၂၃၊ ၁၆း၀၀ နာရီ |
| ၃ | မတ်လ | ခွဲကိုရင်းလျှင် အောင်ပွဲဆင် | ၃၁–၁–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၄ | ဧပြီလ | ရေသဘင်ပွဲတော် | ၂၉–၂–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၅ | မေလ | ကဆုန်လပြည့် ဗုဒ္ဓနေ့ | ၃၁–၃–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၆ | ဇွန်လ | လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် | ၃၀–၄–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၇ | ဇူလိုင်လ | ဖူးမြော်ခဲ့ရသောစေတီတော် | ၃၁–၅–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၈ | ဩဂုတ်လ | ငယ်စဉ်အခါ ပညာရှာ | ၃၀–၆–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၉ | စက်တင်ဘာလ | လူငယ်နှင့် ကိုယ်ကျင့်တရား | ၃၁–၇–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၀ | အောက်တိုဘာလ | မွန်မြတ်လှပဆရာ့ဘဝ | ၃၁–၈–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၁ | နိုဝင်ဘာလ | လှပသာယာပြည်မြန်မာ | ၃၀–၉–၂၀၂၄၊ ၁၆း၀၀ နာရီ |
| ၁၂ | ဒီဇင်ဘာလ | လှုပ်ရှားတက်ကြွလူငယ်ဘဝ | ၃၁–၁၀–၂၀၂၄၊ ၁၆း၀၀ နာရီ |

ပြိုင်ပွဲဝင်စာစီစာကုံးများအား အောက်ပါလိပ်စာအတိုင်း ပေးပို့ရပါမည်–

သို့

တာဝန်ခံစာတည်း(တေဇရုပ်စုံ)
မြဝတီစာပေတိုက်
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊
မြဝတီမီဒီယာစင်တာ(မြေညီထပ်)
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉–၄၀၃၂၅၈၄၅၁



# တောဇရပ်စုံစာစောင် လစဉ်စာစီစာကုံးပြိုင်ပွဲ


၁။ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသားလူငယ်များအနေဖြင့် စာစီစာကုံးရေးသားသည့် အလေ့အကျင့်များရရှိစေရန်နှင့် မြန်မာစာအရေးအသား မြင့်မားတိုးတက်စေရန်ရည်ရွယ်၍ မြဝတီစာပေတိုက်မှ လစဉ်ထုတ်ဝေလျက်ရှိသော တောဇရပ်စုံစာစောင်တွင် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလမှစတင်ကာ စာစီစာကုံးပြိုင်ပွဲများကို လစဉ်ကျင်းပခဲ့ပါသည်။ ၂၀၂၄ ခုနှစ်အတွက် လအလိုက်သတ်မှတ်ထားသော ခေါင်းစဉ်များအတိုင်း ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ လစဉ်ပြိုင်ပွဲများတွင် ယခင်က ဆုရရှိသူများအား ပထမဆု ၇၀၀၀ ကျပ်၊ ဒုတိယဆု ၅၀၀၀ ကျပ်၊ တတိယဆု ၃၀၀၀ ကျပ် ဆုချီးမြှင့်ခဲ့ရာမှ ယခုအခါ ပထမဆု ၁၅၀၀၀ ကျပ်၊ ဒုတိယဆု ၁၀၀၀၀ ကျပ်၊ တတိယဆု ၇၀၀၀ ကျပ်ဖြင့် ပြောင်းလဲ၍ ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ စာစီစာကုံးများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကျောင်းသား၊ ကျောင်းသူဖြစ်ကြောင်း အတန်းပိုင်ဆရာ၊ သို့မဟုတ် ကျောင်းအုပ်ကြီး၊ သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက် ပူးတွဲပါရှိရမည်။

၄။ လစဉ်ပေးထားသောခေါင်းစဉ်နှင့်အညီ ရေးသားရမည်ဖြစ်ပြီး ကျောင်းသုံးဗလာစာရွက်ဖြင့် ၅ ရွက်မှ ၇ ရွက်အထိ စာမျက်နှာတစ်ဖက်တည်းသာရေးရမည်။ ကိုယ်တိုင်ရေးဖြစ်ရမည်။ နိုင်ငံသားမှတ်ပုံတင်ကတ်ပြား၊ သို့မဟုတ် ကျောင်းသားကတ်မိတ္တူ ပူးတွဲပါရှိရမည်။ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊ ကျောင်းလိပ်စာနှင့် အတန်း၊ အသက်တို့ကို အပြည့်အစုံဖော်ပြရမည်။ ပတ်စပို့ဓာတ်ပုံ တစ်ပုံပါ ပူးတွဲပေးပို့ရမည်။

၅။ လစဉ် ပထမဆုရရှိသည့် စာစီစာကုံးများကို ၂ လကျော် တောဇရပ်စုံစာစောင်တွင် ဖော်ပြသွားမည်ဖြစ်ပြီး ပထမ၊ ဒုတိယ၊ တတိယဆုရစာစီစာကုံးများကို နောင်အခါတွင် စာအုပ်အဖြစ်ထုတ်ဝေသွားရန် အစီအစဉ်ရှိပါသည်။ ။



စာတည်းအဖွဲ့
တောဇရပ်စုံစာစောင်

# ဟိုက်ဒရိုဂျင်(Hydrogen) ကားအကြောင်း သိကောင်းစရာ




ဒေါက်တာသန့်စင်(ရူပဗေဒ)

ဟိုက်ဒရိုဂျင်ကို အင်္ဂလန်နိုင်ငံသား သိပ္ပံပညာရှင် ဟင်နရီကာဗင်ဒစ်က ၁၇၇၆ ခုနှစ်မှာ စတင်တွေ့ရှိခဲ့တာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာတွေ့ရှိရတဲ့ ဒြပ်စင် (Atom)များထဲမှာ အပေါ့ဆုံးဒြပ်စင်ဖြစ်ပြီး ပရိုတွန်တစ်လုံး၊ အီလက်ထရွန်တစ်လုံးသာ ပါဝင်ပါတယ်။ အရောင် အဆင်း အနံ့ အရသာမရှိတဲ့ ဓာတ်ငွေ့ဖြစ်ပါတယ်။ ဟိုက်ဒရိုဂျင်ကို ကမ္ဘာမြေ၊ ရေနဲ့စကြဝဠာထဲမှာလဲ တွေ့ရှိနိုင်ပါတယ်။ သူ့မှာ အိုင်ဆိုတုပ် (Isotope) အမျိုးအစား သုံးမျိုးပါရှိပါတယ်။


ကမ္ဘာပေါ်မှာ လောင်စာစွမ်းအင်နဲ့ပတ်သက်ပြီးတော့ များစွာအခက်အခဲဖြစ်နေကြပါတယ်။ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့ စတာတွေက ကန့်သတ်ချက်ရှိတဲ့လောင်စာများဖြစ်ကာ တစ်ချိန်ချိန်မှာ ကုန်ခန်းလုနီးပါးဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် နေရောင်ခြည် စွမ်းအင်၊ လေစွမ်းအင်တို့ကို အစားထိုးစွမ်းအင်များအဖြစ် အသုံးပြုလာကြပါတယ်။

သယ်ယူပို့ဆောင်ရေးသုံးယာဉ်များမှာလဲ လောင်စာဆီကို အသုံးပြုခြင်းအစား ဘက်ထရီသုံး EV(Electric Vehicle) လျှပ်စစ်ကားများကို အသုံးပြုလာကြပါတယ်။ ယခုအခါ ဟိုက်ဒရိုဂျင်လောင်စာသုံးကားများကိုပါ စွမ်းအင်ချွေတာ








ရေးအတွက် အစားထိုးအသုံးပြုနိုင်ရန် တီထွင်လာကြပါတယ်။

ဟိုက်ဒရိုဂျင်ကားရဲ့အလုပ်လုပ်ပုံကို နှစ်မျိုးခွဲခြားနိုင်ပါတယ်။ ပထမအမျိုးအစားကတော့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို ကားရဲ့လောင်စာကန်အတွင်း ထည့်သွင်းရပါမယ်။ အဲဒီနောက် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကိုအသုံးပြုကာ ဘက်ထရီများကို အားဖြည့်ခြင်းဖြစ်ပါတယ်။ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့နဲ့ အောက်ဆီဂျင်ဓာတ်ငွေ့(လေ)တို့ပေါင်းကာရေနဲ့လျှပ်စစ်ဓာတ်ဆောင် အီလက်ထရွန်များ ထွက်လာပါတယ်။ အီလက်ထရွန်များကို အသုံးပြုကာ ဟိုက်ဒရိုဂျင်ကားအတွင်းရှိဘက်ထရီအိုးများကို အားဖြည့်ပေးနိုင်ပါတယ်။ ဘက်ထရီအိုးများက ရရှိတဲ့လျှပ်စစ်ကိုအသုံးပြုပြီး ကားအတွင်းရှိ လျှပ်စစ်အင်ဂျင်များကို အသုံးပြုကာ လျှပ်စစ်ကားများကဲ့သို့ မောင်းနှင်တာဖြစ်ပါတယ်။

ဒုတိယနည်းကတော့ ဟိုက်ဒရိုဂျင်လောင်စာဟာ ပေါက်ကွဲအားပြင်းထန်တဲ့ အမျိုးအစားဖြစ်ပါတယ်။ ဟိုက်ဒရိုဂျင်လောင်စာကို အသုံးပြုကာ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို ဖိသိပ်လိုက်ပြီး ပေါက်ကွဲစေကာ ပစ်စတင်များကတစ်ဆင့် တွန်းကန်ကာ အင်ဂျင်ကိုလည်ပတ်စေနိုင်ပါတယ်။ ဒီဇယ်အင်ဂျင်လည်ပတ်သလိုဖြစ်ပါတယ်။

တစ်ကီလိုဂရမ်ရှိတဲ့ ဟိုက်ဒရိုဂျင်ပမာဏဟာ ဟိုက်ဒရိုဂျင်ကားကို မိုင် ၆၀ ခန့် မောင်းနှင်နိုင်ပါတယ်။ ကားအတွင်းမှာပါတဲ့ ဟိုက်ဒရိုဂျင်လှောင်ကန်ကို အပြည့်ဖြည့်ထားပါက တစ်ကြိမ်လျှင် မိုင် ၃၀၀ ကနေ မိုင် ၄၀၀ ခန့်အထိ မောင်းနှင်



နိုင်ပါတယ်။ ဟိုက်ဒရိုဂျင်ကားများရဲ့အားသာချက်ကတော့ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို ကားများအတွင်း ထည့်သွင်းရာတွင် အချိန် ၅ မိနစ်ခန့်သာ ကြာမြင့်နိုင်ပါတယ်။ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်ပါတယ်။ အိတ်ဇောက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့မထုတ်လွှတ်ဘဲ ရေကိုသာထုတ်လွှတ်ပါတယ်။ ဟိုက်ဒရိုဂျင်ကားများရဲ့အားနည်းချက်ဟာ ကားတန်ဖိုးဈေးနှုန်းကြီးတာပဲဖြစ်ပါတယ်။ ဒါ့အပြင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ထည့်နိုင်တဲ့ ဓာတ်ငွေ့ဆိုင်များ နည်းပါးခြင်း၊ ပေါက်ကွဲအားပြင်းထန်တာကြောင့် အင်ဂျင်ကို ဂရုစိုက်ထိန်းသိမ်းရပါမယ်။








၂၀၂၄ ခုနှစ်မှာ တိုယိုတာ (Toyota Mirai)ကားကုမ္ပဏီက ဟိုက်ဒရိုဂျင်လောင်စာသုံးကား၊ ဟွန်ဒိုင်း (Hyundai Nexo)နဲ့ ဟွန်ဒါ (Honda)ကား ကုမ္ပဏီတို့က ဟိုက်ဒရိုဂျင်စွမ်းအင်သုံးကားများကို စမ်းသပ်ထုတ်လုပ်မောင်းနှင်နေကြပြီဖြစ်ပါတယ်။ ၂၀၅၀ ပြည့်နှစ်မှာ ဟိုက်ဒရိုဂျင်ကားများကို တွင်ကျယ်စွာအသုံးပြုနိုင်တော့မယ်လို့ မျှော်မှန်းထားကြောင်း ရေးသားလိုက်ရပါတယ်။ ။

**ဒေါက်တာသန့်စင်**
**(ရူပဗေဒ)**






# ကမ္ဘာ့စံချိန်အသစ်တစ်ခုတင်လိုက်ပြန်တဲ့ BTS ရဲ့ V


သန့်သူရ

တေဇကလေးတို့ရေ....

ဒီတစ်လမှာတော့ တေဇကလေးတို့အတွက် အတုယူအားကျစရာကောင်းတဲ့ BTS အဖွဲ့ဝင် V ရဲ့အကြောင်းကို ပြောပြပေးချင်ပါတယ်။ V ရဲ့အောင်မြင်မှုနဲ့လူသိများမှုတွေကတော့ အင်စတာဂရမ်ကနေတစ်ဆင့် ကမ္ဘာ့စံချိန်အသစ်တစ်ခုကို နောက်ထပ်မှတ်တမ်းတင်နိုင်ခဲ့တာပဲဖြစ်ပါတယ်။ V ဟာ အင်စတာဂရမ်အကောင့်ဖွင့်ပြီး အချိန်တိုအတွင်းမှာပဲ ၆၀ မီလီယံဖော်လိုဝါကို အမြန်ဆုံးပြည့်တဲ့ မှတ်တမ်းကို ရရှိခဲ့တာပဲဖြစ်ပါတယ်။ အရင်ကလဲ V ဟာ ဖော်လိုဝါ တစ်မီလီယံကို မိနစ်လေးဆယ်အတွင်းနဲ့ ၁၀ မီလီယံကို တစ်ရက်အတွင်း အမြန်ဆုံးရတဲ့သူအဖြစ် စံချိန်တင်ထားခဲ့ဖူးပါတယ်။ သူ့ရဲ့ အကောင့်ဖွင့်ထားတာဟာ ရက်ပေါင်း ၅၀၀ ကျော်ပဲ ရှိနေသေးတာဖြစ်ပါတယ်။ ဒါ့အပြင် V ရဲ့ အင်စတာပို့စ်တွေတိုင်းဟာ အနည်းဆုံး လိုက်ခ် ၁၀ မီလီယံလောက်ရလေ့ရှိပါတယ်။

V ဟာ သူ့အင်စတာဂရမ်မှာ သူ့ရဲ့နေ့စဉ်ဘဝအလုပ်နဲ့ပတ်သက်တာတွေ၊ ကြော်ငြာတွေ၊ တခြားအဖွဲ့ဝင် သူငယ်ချင်းတွေနဲ့ နေထိုင်ပုံတွေကို တင်လေ့ရှိတာဖြစ်ပါတယ်။ အင်စတာဂရမ်အကောင့်လေးကနေတောင် စံချိန်အသစ်တွေ တစ်ခုပြီးတစ်ခုတင်နေတဲ့ V ကတော့ တကယ့်ကို ကမ္ဘာအနှံ့ကျော်ကြားနေတဲ့သူဆိုတာ အမှန်ပါပဲနော်။ ။

သန့်သူရ



တီတီပုံပြောမယ်

# ပိတောက်စိမ်းပုံပြင်

မြရတီ(ဒဿနိက)



ရှေးလွန်လေပြီးသောအခါက ရွာလေးတစ်ရွာရဲ့အစွန်မှာ ပိတောက်ပင်ကြီးတစ်ပင်ရှိပြီး အဲဒီပိတောက်ပင်ကြီးမှာ ရုက္ခစိုးနတ်ဆိုးတစ်ပါးနေထိုင်သတဲ့ကွယ်။

အဲဒီပိတောက်ပင်ကြီးရဲ့အောက်မှာ ရွာသားလုလင်ပျိုတစ်ဦးနဲ့ ရွာသူလုံမပျိုချောတစ်ဦးတို့ဟာ ချစ်သူတို့ရဲ့ဘာသာဘာဝအတိုင်း

ချိန်းဆိုတွေ့ဆုံလေ့ရှိကြတယ်တဲ့။

ပိတောက်ပင်စောင့်ရုက္ခစိုးနတ်ဆိုးဟာ သူ့အပင်ရိပ်အောက်ရောက်လာလေ့ရှိတဲ့ အဲဒီလုံမပျိုချောလေးကို သဘောကျနေသတဲ့လေ။

တစ်နေ့မှာတော့ အဲဒီချစ်သူနှစ်ဦးဟာ ခေတ္တခွဲခွာဖို့အကြောင်းဖန်လာတော့တယ်။

"ဝါနု... နှမငယ် မနက်ဖြန်ဆိုရင် မောင်ကြီး အောက်ပြည်အောက်ရွာမြစ်ဝကျွန်းပေါ်ဒေသကို မိတ်ဆွေကုန်သည်တွေနဲ့အတူ ကုန်သွယ်ဖို့သွားရတော့မယ်ကွဲ့၊ ဒီတစ်ခါ ကုန်ရောင်းကုန်ဝယ်သွားရင် ပင်လယ်ပိုင်း ကျွန်းတွေဘက်ပါသွားရမှာမို့ လတော်တော်ကြာမယ်ကွဲ့"

"မောင်ကြီးရယ်...ပင်လယ်ပိုင်းကျွန်းတွေအထိသွားရမှာဆိုတော့ ဝါနု စိတ်မချဘူး၊ မသွားလို့မဖြစ်ဘူးလားဟင်... မောင်ကြီးရယ်"

"မဖြစ်ဘူး ဝါနုရဲ့၊ ခရီးသွားဖို့အားလုံးစီစဉ်ပြီးပြီ၊ အဲဒီလိုစွန့်စားပြီး စီးပွားရှာနိုင်မှ ဝါနုကို မောင်ကြီးက မိသားဖသားပီပီ တင့်တောင့်တင့်တယ်တောင်းရမ်းလက်ထပ်နိုင်မှာကွဲ့"

"အင်းပေါ့လေ စီစဉ်ပြီးပြီဆိုတော့ သွားပါလေ၊ မောင်ကြီး ဘေးရန်ကင်းကင်း အဆင်ပြေပြေနဲ့ အမြန်ဆုံးပြန်လာနိုင်ပါစေလို့ ဝါနု ရွာဦးစေတီမှာ ပန်းကပ်လှူပြီး နေ့တိုင်းဆုတောင်းနေပါ့မယ်ရှင်"

"မောင်ကြီးပြန်လာမှာပါ နှမငယ်ရယ်၊ ဝါနုသာ မောင်ကြီးကို သစ္စာရှိရှိစောင့်ပါနော်"

"စိတ်ချပါမောင်ကြီးရယ်၊ ဝါနုဘက်က သစ္စာမပျက်ယွင်းစေရပါဘူး၊ မောင်ကြီးသာ တစ်ရွာတစ်ကျေးက ပျိုမေအချောအလှလေးတွေနဲ့တွေ့ပြီး ဝါနုကိုမေ့မသွားပါနဲ့"

"အို...မောင်ကြီးက တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက်ပဲ၊ ဟောဒီပိတောက်ပင်ကြီးက တစ်နှစ်မှာတစ်ကြိမ်ပဲ သစ္စာရှိရှိပွင့်လေ့ရှိသလို မောင်ကြီးရဲ့ဝါနုအပေါ်ထားရှိတဲ့မေတ္တာကလဲ တစ်သက်မှာတစ်ခါသာဖြစ်ပေါ်တဲ့မေတ္တာမို့ မောင်ကြီးဘက်က သစ္စာမဲ့မှာတော့ မစိုးရိမ်ပါနဲ့ကွယ်၊ မောင်ကြီးသွားရောက်မဲ့ပင်လယ်ထဲကရေတွေ ခန်းခြောက်သွားမှ ဝါနုအပေါ်ထားရှိတဲ့ မောင်ကြီးရဲ့မေတ္တာပျက်ပြယ်မှာပါကွယ်"

မောင်သုတဆိုတဲ့လုလင်ပျိုလေးက ပင်လယ်ကြီးကိုသက်သေတည်ပြီးပြောလိုက်တော့ သူ့ရဲ့ချစ်သူမိန်းမချောလေးဝါနုကလဲ အားကျမခံပြန်ပြောပါသတဲ့။

"ဝါနုလဲလေ ဟောဒီပိတောက်ပင်ကြီးကနေ ပိတောက်ပန်းအစိမ်းရောင်တွေပွင့်မှ မောင်ကြီးအပေါ်သစ္စာမဲ့မှာပါရှင့်"

သူတို့ချစ်သူနှစ်ဦး အဲဒီလိုအပြန်အလှန်သက်သေတည်ထားပြောကြားနေကြတာကို ပိတောက်ပင်စောင့်ရုက္ခစိုးနတ်ဆိုးက အတိုင်းသားကြားနေရသတဲ့။

"ဟင်း...သင်းတို့က သက်သေတွေတည်ပြီး တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင်မေတ္တာပွားသစ္စာထားနေလိုက်ကြတာ နားကြားပြင်းကတ်လိုက်ပါဘိ၊ ငါ့မှာတော့ ခြောက်ကပ်ကပ်ကြီး အထီးကျန်နေရပါလား"

အဲဒီလို ရုက္ခစိုးနတ်ဆိုးရဲ့ညည်းသံကိုတော့ မောင်သုတနဲ့ဝါနုတို့ မကြားနိုင်ကြဘူးပေါ့။

ဒီလိုနဲ့ မောင်သုတဟာ အောက်ပြည်အောက်ရွာက ပင်လယ်ပိုင်းဆီ ကုန်ရောင်းကုန်ဝယ်ထွက်သွားရာ နှစ်လလောက်အကြာမှာတော့ပင်လယ်ထဲက အဝေးဆုံးကျွန်းကြီးဆီ ခရီးနှင်ကြစဉ်မှာပဲ မုန်တိုင်းမိသတဲ့ကွယ်။

ပြင်းထန်လှတဲ့ မုန်တိုင်းဒဏ်ကြောင့် မောင်သုတတို့ရဲ့ကုန်သင်္ဘောဟာ လှိုင်းလုံးကြီးတွေရဲ့ ရိုက်ခတ်မှုကိုခံရပြီး ရွက်တိုင်တွေကျိုး သင်္ဘောရေတွေကွဲထွက်ကာ နစ်မြုပ်သွားရရှာတော့တယ်တဲ့။

ပင်လယ်ပြင်ကြီးထဲမှာ သူ့ရဲ့ချစ်သူမောင်သုတတို့ရဲ့ကုန်သင်္ဘောနစ်မြုပ်သွားတဲ့သတင်းကို နောက်တစ်လလောက်ကြာမှ ဝါနုကြားသိရတဲ့အခါ သည်းအူပြတ်မျှ ကြေကွဲဝမ်းနည်းရကာ သူတို့ချစ်သူနှစ်ဦးဆုံစည်းလေ့ရှိတဲ့ ပိတောက်ပင်ကြီးရဲ့အောက်သွားပြီး ငိုကြွေးရှာလေသတဲ့။

"မောင်ကြီးရယ်...ဖြစ်မှဖြစ်ရလေ၊ ပင်လယ်ခရီးမသွားပါနဲ့လို့ ဝါနုတားပါလျက်နဲ့ ဇွတ်ထွက်သွားတော့ အခု သင်္ဘောနစ်တဲ့အထဲပါ

သွားရပြီပေါ့၊ ဝါနု ဘယ်လိုဖြေရတော့မလဲ မောင်ကြီးရယ်...အင့်...ဟင့်...ဟင့်'

အကြောင်းစုံကြားသိသွားတဲ့ ပိတောက်ပင်စောင့် ရုက္ခစိုးနတ်ဆိုးဟာ ဝမ်းသာအားရဖြစ်သွားတော့တာပေါ့။

"ဟာ...ဒီကောင်မလေးရဲ့ ချစ်သူက သင်္ဘောနစ်တဲ့အထဲ ပါသွားတယ်ဆိုပါလား၊ ကောင်းတယ် ကောင်းတယ်၊ အဲဒီကောင်လေးသေသွားမှ ဒီကောင်မလေးကို ငါ အပိုင်ကြံလို့ရမှာ"

အဲဒီရုက္ခစိုးနတ်ဆိုးလိုပဲ ရွာထဲမှာရှိကြတဲ့ ကာလသားတွေကလဲ မောင်သုတရဲ့သတင်းဆိုးကိုကြားရပြီးတဲ့နောက် ပွဲလန့်တုန်းဖျာခင်းဖို့ကြံကြတော့တာပေါ့။

ဒါပေမဲ့ ဝါနုဟာ သူ့ချစ်သူ မောင်သုတမသေဘဲ ရွာဆီပြန်လာမယ်လို့ ယုံကြည်မျှော်လင့်နေပြီး ချဉ်းကပ်ချစ်ရေးဆိုလာသူအားလုံးကို ခါးခါးသီးသီးငြင်းပယ်နေတယ်တဲ့။

မိဘတွေက မြို့သားလူကုံထံတစ်ဦးနဲ့ပေးစားဖို့ စီစဉ်တာကိုလဲ လုံးဝလက်မခံဘူးတဲ့။

"သမီးရဲ့ချစ်သူကလွဲပြီး ဘယ်သူ့ကိုမှလက်ထပ်မယူနိုင်ဘူး မေမေ"

"သမီးရယ်...သေကံမရောက် အသက်မပျောက်ဘဲ ရွာဆီပြန်ရောက်လာတဲ့ ကုန်သွယ်ဖက်တွေကိုယ်တိုင်က မောင်သုတ ပင်လယ်ရေအောက်ထဲနစ်မြုပ်သွားတာကို တွေ့လိုက်ပါတယ်လို့ပြောနေကြတာ သမီးက သူ့ကိုမျှော်လင့်နေတုန်းပဲလားကွယ်"

"အို...သမီးကတော့ မောင်ကြီးမသေဘဲ တစ်နေ့ သမီးဆီပြန်လာမယ်လို့ ယုံကြည်နေတယ်မေမေ၊ သူ့ကို သုံးနှစ်တိတိသစ္စာရှိရှိစောင့်စားခွင့်ပြုပါ"

ဝါနုဟာ အဲဒီလိုယုံကြည်ချက်နဲ့ ချစ်သူပြန်ရောက်လာမဲ့ရက်ကို မျှော်လင့်နေခဲ့တာ သုံးနှစ်သုံးမိုးတိုင်လုလုအထိပဲတဲ့။

အဲဒီအချိန်ကာလအတွင်းမှာ ပိတောက်ပင်စောင့်ရုက္ခစိုးနတ်ဆိုးဟာ သူ့ကိုယ်သူ ချောမောလှပတဲ့ လုလင်ပျိုလေးအသွင်ဖန်ဆင်းပြီး ပိတောက်ပင်ကြီးရဲ့အရိပ်အောက်ဆီ ချစ်သူအတွက်အလွမ်းဖြေဖို့ရောက်ရောက်လာတဲ့ဝါနုကို ချစ်ရေးအကြိမ်ကြိမ်ဆိုပေမဲ့ ခါးခါးသီးသီးငြင်းပယ်တာကိုပဲ ခံရသတဲ့။

"ဒီမှာ တစ်ရွာသားရဲ့...ရှင် ကျွန်မကို ခဏခဏလာပြီးချစ်ရေးဆိုနေလို့လဲအပိုပဲ၊ ဒီပိတောက်ပင်ကြီးကနေ အစိမ်းရောင်ပိတောက်ပန်းတွေပွင့်စေအုံးတော့ သုံးနှစ်မပြည့်မချင်း ကျွန်မဘက်က သစ္စာမဲ့နိုင်ဘူးရှင့် သိရဲ့လား"

သုံးနှစ်ပြည့်ခါနီးတစ်ရက်မှာတော့ ဝါနုရဲ့ချစ်သူ မောင်သုတဟာ ရွာဆီဦးတည်လာနေတာကို ရုက္ခစိုးနတ်ဆိုးက လှမ်းတွေ့လိုက်သတဲ့။ အဲဒီအချိန်ဟာလဲ နှစ်ဆန်းတစ်ရက်နေ့မတိုင်မီကာလမို့ ပိတောက်ပင်ကြီးမှာ ပိတောက်ပန်းတွေဝေနေအောင်ပွင့်နေသတဲ့။

တကယ်တော့ မောင်သုတဟာ သင်္ဘောပျက်သွားတုန်းက ပင်လယ်ထဲမှာ ပျဉ်ချပ်တစ်ချပ်ကို ခိုပြီးမျောနေတုန်း တံငါသည်ကြီးတစ်ဦးက ဆယ်တင်ကူညီလိုက်တဲ့အတွက် အသက်မသေခဲ့တာပဲဖြစ်တယ်။

ဒါပေမဲ့ ပင်လယ်ရေအောက်ထဲက ကျောက်ဆောင်တစ်ခုနဲ့ ခေါင်းဆောင့်မိခဲ့တဲ့ဒဏ်ကြောင့် အတိတ်မေ့ပြီး တံငါရွာလေးမှာ သောင်တင်နေခဲ့တာတဲ့။

အဲဒီလိုနဲ့ သုံးနှစ်နီးပါးကြာမှ အတိတ်ကိုတဖြည်းဖြည်း သတိပြန်ရလာပြီး ရွာဆီပြန်လာခဲ့တာပဲဖြစ်တယ်။

ရုက္ခစိုးနတ်ဆိုးဟာ မောင်သုတကိုလှမ်းတွေ့လိုက်တယ်ဆိုရင်ပဲ ပိတောက်ပန်းတွေ အစိမ်းရောင်ပွင့်မှ သစ္စာမဲ့မယ်လို့ ဝါနု သက်သေတည်ပြောခဲ့တာကို သတိရသွားပြီး အကောက်ကြံတော့သတဲ့။

"အင်း...ပိတောက်ပန်းတွေ အစိမ်းရောင်ပွင့်နေတာကို အဲဒီကောင်လေးတွေ့ရင် သူ့ချစ်သူကောင်မလေးက သစ္စာမဲ့သွားပြီလို့ ထင်ပြီး လာရာလမ်းအတိုင်း ပြန်လှည့်သွားမှာပဲ၊ ဟုတ်ပြီ ပိတောက်ပန်းတွေကိုစိမ်းသွားအောင် ငါလုပ်ရမယ်"

အဲဒီလိုနဲ့ ရုက္ခစိုးနတ်ဆိုးဟာ သူ့ရဲ့ကမ္မဇိဒ္ဓိတန်ခိုးနဲ့ ပိတောက်ပန်းတွေကို အဝါရောင်ကနေ အစိမ်းရောင်ပြောင်းလိုက်တော့သတဲ့။

မောင်သုတဟာ ပိတောက်ပင်

ကြီးရဲ့အနီးလဲ ရောက်လာရော ပိတောက်ပင်ကြီးတစ်ပင်လုံးမှာ အစိမ်းရောင်ပိတောက်ပန်းတွေပွင့်နေတာကို မမျှော်လင့်ဘဲတွေ့လိုက်ရတော့တယ်။

"အလို... ပိတောက်ပန်းတွေ အားလုံးစိမ်းနေပါလား၊ ဒါ...ဒါဟာ ဝါနု ငါ့အပေါ် သစ္စာမဲ့လို့ပဲဖြစ်ရမယ်၊ ရက်စက်လိုက်တာ သစ္စာမဲ့လိုက်တာ ဝါနုရယ်"

မောင်သုတဟာ ချစ်သူဝါနုအပေါ် အထင်လွဲနာကြည်းသွားပြီး ရွာဆီမသွားတော့ဘဲ လှည့်ထွက်သွားတော့မလို့ဟန်ပြင်တုန်းမှာပဲ ဝါနုရောက်လာတော့သတဲ့။

"အို...မောင်ကြီး...မောင်ကြီး မောင်ကြီးရွာပြန်လာတယ်ဟုတ်လား၊ မောင်ကြီး ဘာမှမဖြစ်ဘူးပေါ့နော်၊ ဝမ်းသာလိုက်တာမောင်ကြီးရယ်၊ ဝမ်းသာလိုက်တာ"

ဝါနုဝမ်းသာနေသလောက် အထင်လွဲနေတဲ့ မောင်သုတကတော့ ဝါနုကိုနာကြည်းနေတာပေါ့။

"ဒီမှာ ဝါနု ငါကတော့ ဝမ်းမသာနိုင်ဘူး၊ ငါပြန်လာတဲ့အထိ မင်းသစ္စာရှိရှိမစောင့်လို့ ပိတောက်ပန်းတွေစိမ်းနေတာတွေ့လား၊ အဲဒါ မင်းသစ္စာမဲ့လို့ပဲပေါ့"

"အို...မဟုတ်ပါဘူး မောင်ကြီးရယ်၊ မောင်ကြီးပြန်မလာတဲ့ သုံးနှစ်လုံးလုံး ဝါနု သစ္စာရှိရှိစောင့်မျှော်နေခဲ့တာပါရှင်"

"မယုံဘူး ငါမယုံနိုင်ဘူး၊ ငါကတော့ သင်္ဘောပျက်ပြီး တစ်ငါရွာတစ်ရွာရောက်နေရာက အတိတ်မေ့နေလို့ မင်းရှိရာဆီ ပြန်မလာနိုင်တာ၊ အခုရက်ပိုင်းမှာမှ အတိတ်ကို သတိပြန်ရပြီး အမောတကောပြန်လာပေမဲ့ မင်းက သစ္စာရှိရှိမစောင့်ဘဲ ငါ့အပေါ်သစ္စာမဲ့လို့ မင်းပြောခဲ့တဲ့စကားအတိုင်း ဟောဒီပိတောက်ပန်းတွေက စိမ်းနေတာပေါ့၊ မင်း ဘာပြောအုံးမလဲ"

"မောင်ကြီးရယ်...ပိတောက်ပန်းတွေ ဘာဖြစ်လို့စိမ်းကုန်တာလဲဆိုတာတော့ ဝါနုမသိပေမဲ့ ဝါနုသစ္စာရှိကြောင်း အခုပဲ မောင်ကြီးသိစေရမယ်"

"ဒီမှာ တစ်ရွာသားရဲ့... ရှင် ကျွန်မကို ခဏခဏလာပြီး ချစ်ရေးဆိုနေလို့လဲအပိုပဲ၊ ဒီပိတောက်ပင်ကြီးကနေ အစိမ်းရောင် ပိတောက်ပန်းတွေပွင့်စေအုံးတော့ သုံးနှစ်မပြည့်မချင်း ကျွန်မဘက်က သစ္စာမမဲ့နိုင်ဘူးရှင့် သိရဲ့လား"

ဝါနုဟာ ချက်ချင်းပဲ လောကပါလစောင့်နတ်မင်းကြီးတွေကို တိုင်တည်ပြီး သစ္စာဆိုလိုက်တော့တယ်။

"လောကပါလစောင့်နတ်မင်းကြီးများရှင့် ကျွန်တော်မျိုးမ ဝါနုဟာ ဒီနေ့အထိ မောင်ကြီးသုတအပေါ် တစ်ဆံခြည်မျှင်မျှ သစ္စာမမဲ့ခဲ့ပါ၊ ဤစကားသည်မှန်ကန်ပါ၏၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ဟောဒီပိတောက်ပင်ကြီးမှာပွင့်နေတဲ့ ပိတောက်ပန်းအားလုံး ဝါရွှေရောင်အဆင်းဖြစ်ပါစေသား"

မိန်းမမြတ်လေးဝါနု အဲဒီလိုသစ္စာဆိုလိုက်တာနဲ့တစ်ပြိုင်နက် ပိတောက်ပင်ကြီးပေါ်မှာ ပင်လုံးကျွတ်မျှပွင့်နေကြတဲ့ ပိတောက်ပန်းတွေအားလုံးဟာ အစိမ်းရောင်ဖြစ်နေရာကနေ ဝါရွှေရောင်အဆင်းဖြစ်သွားကြတော့သတဲ့။

အဲဒီတော့မှ မောင်သုတဟာ သူ့ချစ်သူလေး ဝါနုရဲ့သစ္စာတရားကို ယုံကြည်သွားပြီး မှန်ကန်တဲ့ သစ္စာတရားရဲ့စွမ်းအင်ကြီးမားပုံကိုလဲ တအံ့တသြဖြစ်သွားတော့သတဲ့။

ရက္ခစိုးနတ်ဆိုးကြီးလဲ ဝါနုရဲ့သစ္စာစွမ်းအင်ကို အန်မတုနိုင်တော့ဘဲ လက်မှိုင်ချသွားရတော့တယ်။

မေတ္တာစစ်မှန်ပြီး သစ္စာတရားကြီးမားကြတဲ့ မောင်သုတနဲ့ဝါနုတို့ချစ်သူနှစ်ဦးဟာ တစ်သက်လုံးပျော်ရွှင်ချမ်းမြေ့စွာ ပေါင်းဖက်သွားနိုင်ကြတော့သတဲ့ကွယ်။ ။

မြရတီ(ဒဿနိက)


တစ်ခါတုန်းက ရွာတစ်ရွာမှာ သူဌေးကြီး တစ်ယောက်ရှိတယ်။
Once upon a time, there was a rich man in a village.
ဇာတ်လမ်း - ခင်နဒီ
သရုပ်ဖော် - အောင်အောင်ထွေး
The rich man's rest-house
Story: Khin Nadi
Illustration: Aung Aung Htwe
Tr: BMK
တစ်နေ့ကျတော့ သူဌေးကြီးက...
One day, the rich man thought...
အင်း... ငါလဲအသက်ကြီးလာပြီ။ ငါ့ရပ်ရွာအတွက် ဘာလုပ်ပေးရင်ကောင်းမလဲ။
"I.am growing old.
What will I do for my native village?"


သူဌေးကြီးက သူ့အကြံ အစည်အတိုင်း အကောင် အထည်ဖော်တော့တယ်။
The rich man accomplished his plan.
အဲဒါကတော့ ရွာရဲ့အစွန်မှာ ဇရပ်ကြီး တစ်ဆောင်ဆောက် လုပ်ဖို့ပဲဖြစ်တယ်။
His plan was to build a rest-house at the edge of the village.
သူဌေးကြီးရဲ့ ဇရပ်ကိုဆောက်ပေးတဲ့ ဗိသုကာ ဆရာကြီးကလဲ တိုင်းပြည်မှာ အတော်ဆုံး ဗိသုကာဆရာကြီး ဖြစ်တယ်။
The architect who built the rich man's rest-house was the best one in the country.


ရွာသားတွေကလဲ ဇရပ်ကြီး ပြီးမဲ့နေ့ကို စောင့်စားနေကြတယ်။
The villagers were waiting for the day when the rest-house was completely built.
ဇရပ်ကြီးဆောက်တာ ပြီးတော့မယ်ကွ...
"The rest-house was about to be finished."
ဒီလိုနဲ့ ဇရပ်ကြီးပြီးသွားတဲ့အခါ သူဌေးကြီးရဲ့ဇရပ်က ခမ်းနားလွန်းပြီး အနီးအနားပတ်ဝန်းကျင်မှာအဲ့ဒီလောက်ကောင်းတဲ့အဆောက်အအုံ မရှိဘူး။
After the rich man's rest-house had been built, it was so grand that no building in the nearby areas could rival it.


ကောင်းလိုက်တဲ့ ဇရပ်ကြီးလွှာ...
"How good is the rest-house!"
ဟုတ်ပါ့၊ သူဌေးကြီး တော်တော်ကုသိုလ်ရမှာပဲ။
"Of course, the rich man will get much merit."
လကွယ်ညတဲ့...
"Moonless night!"
"Hum!"
ဟင်
သူဌေးကြီးက ဇရပ်ကြီးဆီ ရွာသားတွေကို ဖိတ်တယ်။ ဖိတ်တဲ့အချိန်က လကွယ်နေ့ ညဖြစ်နေလို့ ရွာသားတွေအံ့ဩသွားကြတယ်။
The rich man invited the villagers to come to the rest-house. But, as the inviting time was the moonless night, the villagers were surprised.
လကွယ်နေ့ညလဲရောက်ရော ရွာသားတွေရောက်လာကြတယ်။
When the moonless night came, the villagers arrived there.


ရွာသားတွေဟာ မီးအိမ်မပါဘဲ ဇရပ်ကိုရောက်လာကြတယ်။
The villagers came to the rest-house without lanterns.
ဇရပ်ကြီးကလဲမှောင်မည်း နေတယ်။
The rest-house was completely dark.
သူဌေးကြီးကအဲဒီအချိန်မှာ ဖယောင်းတိုင်လေးမီးထွန်း ပြီးပေါ်လာတယ်။
At that time, the rich man appeared by holding a lighting candle.


ရွာသားတွေကလဲ သူဌေးကြီး ဘာလုပ်ပါလိမ့်ဆိုပြီး အံ့အားသင့်နေကြတယ်။
The villagers were surprised because of the rich man's deed.
အိမ်း... ဘယ်လောက် ကောင်းတဲ့အဆောက်အအုံပဲ ဖြစ်ဖြစ် မှောင်မိုက်နေရင် အလကားပဲ မဟုတ်လား။
"No matter how good the building is, it is useless if it is dark."
ခင်ဗျားတို့လဲ ဘယ်သူမှ မီးအိမ်မယူလာဘူးလေ...
"All of you didn't bring any lanterns."


ခင်ဗျားတို့ကို ကျုပ်က
ဖယောင်းတိုင်တစ်တိုင်စီ
ပေးမယ် ထွန်းလိုက်ကြပါဦး။
"I will give you each candle. Light them."
ရွာသားတွေက သူဌေးကြီးပေးတဲ့ ဖယောင်းတိုင်တစ်တိုင်စီ ယူပြီး ထွန်းလိုက်ကြတော့ ဇရပ်ကြီးဟာ ချက်ချင်းပဲ ထွန်းလင်း သွားတော့တယ်။
When the villagers took the candles the rich man gave and lit them, the rest-house was suddenly lit up.
တွေ့လား။ ခင်ဗျားတို့တစ်ဦး
တစ်ယောက်ချင်းစီ အလင်း
ရောင်တွေ စုပေါင်းလိုက်တော့
ဇရပ်ကြီးလင်းသွားတာပဲ
မဟုတ်လား။
"Do you see? When the lights of you are united, the rest-house was bright."

Anna Moore


အဲဒီတော့မှ ရွာသားတွေလဲ
သူဌေးကြီးရဲ့ သဘောကို
နားလည်သွားတော့တယ်
Therefore, the villagers realized what the rich man meant.


ရွာသားတွေက သူတို့လဲ
အများအကျိုးကို တတ်စွမ်း
သရွေ့ကူညီပါမယ်လို့ကတိ
ပေးလိုက်ကြတယ်။
The villagers promised that they would help other people as much as possible.

'သုတကမ္ဘာ'စစ်မှုရေးရာ၊ ကျန်းမာရေးနှင့် သုတအဖြာဖြာသတင်းဂျာနယ်ကို စာဖတ်ပရိသတ်အတွက် ၂၀၁၈ ခုနှစ်၊ မတ်လ ၂၇ ရက်(တပ်မတော်နေ့)တွင် စတင်ထုတ်ဝေခဲ့ပြီး အပတ်စဉ်စနေနေ့တိုင်း ဖြန့်ချိလျက်ရှိပါသည်။




ဆက်သွယ်ရန်လိပ်စာ - မြဝတီစာပေတိုက်၊ မိုးကောင်းလမ်း၊ မြဝတီမီဒီယာစင်တာ(မြေညီထပ်)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆။